ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်၊ အင်္ဂါနေ့၊ (29-5-2007) (၅၃၃၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဟားခါးမြို့ရှိ ဦးရမ်ကျုံးပိုင် (၁၅ မိုင်) နွားနောက်မွေးမြူရေး စခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ချင်းပြည်နယ် ဟားခါးမြို့ လက်ဖက် စိုက်ပျိုးမှုနှင့် နွားနောက် မွေးမြူမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၅ ရက် နံနက် ၆ နာရီ မိနစ် ၄၀ တွင် ဟားခါးမြို့ နယ်မြေခံတပ်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ဟားခါးမြို့ ရှန်းတောင် ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

မှာကြား

ရှေးဦးစွာ ရှင်းလင်းဆောင်၌ မြန်မာ့စိုက်ပျိုး ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးအေးကိုကိုက ဟားခါးမြို့နယ်နှင့် ကျေးရွာအုပ်စုအလိုက် လက်ဖက် စိုက်ပျိုးမှု အခြေအနေ၊ ရှန်းတောင်ဝန်းကျင် လက်ဖက်စိုက်ပျိုးမှု အခြေအနေ၊ ချင်းပြည်နယ် ၂၀၀၆–၂၀၀၇ ခုနှစ် မြို့နယ်အလိုက် လက်ဖက် စိုက်ပျိုးပြီးစီးမှု အခြေအနေနှင့် ပြည်နယ်လျာထား ချက် ပြည့်မီကျော်လွန်ရေး ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က ဌာနဆိုင်ရာများနှင့် ဒေသခံ တောင်သူများအနေဖြင့် လက်ဖက်ကို ဦးစားပေး စိုက်ပျိုးရန်နှင့် စီမံကိန်းပြည့်မီရေး အထူးကြိုးစား ဆောင်ရွက်ကြရန် မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

ယနေ့မိုးလေဝသ

၂၉–၅–၂၀၀၇

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ကြေးမုံ The Mirror — ဆောင်းပါးအညွှန်း

"နိုင်ငံတကာ အသိုင်းအဝိုင်းမှ အသိအမှတ်ပြုထားသော အချက်မှာ "မူပိုင်ခွင့်ကို ကာကွယ်စောင့်ရှောက် ခြင်းသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် တန်ဆာပလာ ကိရိယာဖြစ်သည်" (**Intellectual Property Rights Protection is the tool for economic growth of a state**) ဟူ၍ ဖြစ်ပါသည်။ ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် မူပိုင်ခွင့်ဥပဒေမရှိသော နိုင်ငံဟူ၍ ရှိပင်မရှိတော့ဟု ဆိုကြပြီး ထိရောက်စွာ အကောင်အထည်ဖော်မှု၊ မဖော်မှုသာ ကွာခြားကြပေသည်။ မူပိုင်ခွင့်ဥပဒေ သည် ခေတ်မီနိုင်ငံ တစ်နိုင်ငံအတွက် မရှိမဖြစ် အင်္ဂါရပ်ပင် ဖြစ်ပါသည်"

မောင်မောင်မြင့်သိဏ်း၏ "***မူပိုင်ခွင့်နှင့် အမျိုးသားရေးတာဝန်***" (ဆောင်းပါး) စာမျက်နှာ–၆/၇

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၉-၅-၂၀၀၇
(အင်္ဂါနေ့)

လက်ဖက်စိုက်ပျိုးမှု စီးပွားဖြစ်တိုးချဲ့ဆောင်ရွက်

နိုင်ငံတော်က လမ်းပန်းဆက်သွယ်ရေးအပါအဝင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေခံအဆောက်အအုံများစွာကို ပြည်ထောင်စုတစ်ဝန်း၌ တည်ဆောက်ဖြည့်ဆည်း ပေးလျက်ရှိသည်။

သာဓကအားဖြင့် ယခင်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲခဲ့သော ချင်းပြည်နယ်သည်ပင် ဟားခါး-ဂန့်ဂေါလမ်း၊ ဟားခါး-မတူပီလမ်း၊ ကလေး-ဖလမ်း-ဟားခါးလမ်းနှင့် မင်းတပ်-မတူပီလမ်းတို့ကို အဆင့်မြှင့်တင် ဖောက်လုပ်ပေးမှုကြောင့် ဆက်သွယ်သွားလာမှု ပိုမိုလွယ်ကူလျက်ရှိသည်။ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်ကောင်းမွန်လျက်ရှိသည်။

သဘာဝမြေပြင်အနေအထားအရ စိုက်ပျိုးရန် မြေပြန့်ရှားပါးသော်လည်း ဒေသဝမ်းစာ ဖူလုံရေးအတွက် စပါးနှင့် ရာသီသီးနှံများ တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ ဒေသခံတောင်သူများအနေဖြင့် ကုန်းမြင့်လယ်ယာများ ဖော်ထုတ်၍ ငွေရရှိနိုင်သော ရော်ဘာ၊ ထောပတ်၊ သရက်၊ ပိန္နဲ၊ လက်ဖက်စသည့် နှစ်ရှည်ပင်များကိုလည်း တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

အထူးသဖြင့် ရေမြေရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းနိုင်သည့် လက်ဖက်ကို ပြည်နယ်တစ်ခုလုံး၌ ပိုမိုစိုက်ပျိုးကြရမည်ဖြစ်သည်။ ၁၉၉၉-၂၀၀၀ ပြည့်နှစ်မှစ၍ တီးတိန်၊ တွန်းဇံ၊ ကျီခါး၊ ထန်တလန်၊ ဖလမ်း၊ ဟားခါး၊ ကန်ပက်လက်၊ မတူပီနှင့် မင်းတပ်မြို့နယ်တို့၌ လက်ဖက်များ စိုက်ပျိုးလျက်ရှိသည်။

ယခုအခါ လက်ဖက်စိုက်ပျိုးမှုများ အရှိန်ရလာသည်နှင့်အမျှ အချို့ဒေသ၌ လက်ဖက်ခြောက်စက်ရုံများပင် လည်ပတ်ထုတ်လုပ်နေပြီဖြစ်သည်။ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူများက လက်ဖက်စိုက်ပျိုးမှုကို ဒေသ၏အားထားရသော စီးပွားရေးလုပ်ငန်းအဖြစ် ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဖော်ထုတ် စိုက်ပျိုးလျက်ရှိရာ ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်ရေး ရည်မှန်းချက်နှင့်အညီ ပြည်နယ်တစ်ခုလုံး၌ လက်ဖက်ဧက တစ်သိန်း ပြည့်မီစေရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ပေးအပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ သီရိပျံချီဦးနန်းနွယ်၊ ဦးစိန်ဝင်း-ဒေါ်သိန်းဟန်တို့အားရည်စူး၍ ဒေါက်တာဦးပဝရာဘိဝံသ(ပါမောက္ခ) အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓတက္ကသိုလ်ကို အမှူးထား၍ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနေ ညီမ ဒေါ်ဝါဝါမြင့်၊ ဒေါ်နွဲ့နွဲ့ရီတို့ မောင်နှမတစ်စုက ကျောင်းမြေနှင့် သာသနိကအဆောက်အအုံအတွက် ငွေကျပ် ၁၁၀၀၀၀ နှင့် ရန်ကုန်မြို့တွင် တည်ထားကိုးကွယ်မည့် မဟာဗောဓိစေတီတော်အတွက် ငွေကျပ် ၁၁၀၀၀၀ စုစုပေါင်းငွေကျပ် ၂၂၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းနာယက အကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ (သဒ္ဓမ္မဇောတိကဓဇ) ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ အစည်းအဝေးကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက် အမှာစကားပြောကြား

နေပြည်တော် မေ ၂၈

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ (၁၅/၂၀၀၇) အစည်းအဝေးကို မေ ၂၅ ရက် ညနေ ၄ နာရီခွဲတွင် နေပြည်တော်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီနာယက၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးညိုစော၊ မြန်မာနိုင်ငံ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်၊ ပျဉ်းမနားခရိုင်နှင့် မြို့နယ်များမှ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယာဉ်လိုင်းအသီးသီးမှ တာဝန်ခံများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက မေ ၂၄ ရက်မှစတင်၍ ပျဉ်းမနားမြို့ရှောင်လမ်းခေတ္တပိတ်ထားပြီး လေးလမ်းသွား ဖောက်လုပ်သွားမည်ဖြစ်၍ မြို့ရှောင်လမ်းအစားလမ်းကြောင်းများ သတ်မှတ်ပေးထားပြီးဖြစ်ကြောင်း၊ ယာဉ်မောင်းများ သတ်မှတ်ထားသော လမ်းကြောင်းများမှ မောင်းနှင်ရန်အတွက်လည်း လမ်းညွှန်ဆိုင်းဘုတ်များ၊ လမ်းကြောင်းထိန်းသိမ်းရေးအဖွဲ့များ ဖွဲ့စည်းတာဝန် ပေးအပ်ထားပြီးဖြစ်ကြောင်း၊ နေပြည်တော်ရှိ အခြေစိုက်စက်သုံးဆီ မရသည့်ယာဉ်လိုင်းများ အနေဖြင့်လည်း နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီသို့ တင်ပြဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ယခင်အပတ် အစည်းအဝေးမှတ်တမ်းအား ဖတ်ကြားတင်ပြပြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက မြို့ရှောင်လမ်းအား ခေတ္တပိတ်ထားချိန်တွင် ရန်ကုန်-မန္တလေးယာဉ်များ သွားလာရမည့်လမ်းကြောင်း အခြေအနေများ၊ တစ်ပတ်အတွင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်မှုအခြေအနေများနှင့် ယာဉ်တိုက်မှုများ လျော့နည်းလာသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယရဲမှူးကြီးအောင်နိုင်က နေပြည်တော်အတွင်း ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဆွေးနွေးဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆပ်ကော်မတီများ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းအပ်နှံရေးနှင့် ကျောင်းသုံးပစ္စည်းများ ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနှင့် ကျောင်းသုံးပစ္စည်းများ၊ ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၃) အခြေခံပညာဦးစီးဌာနက ပေးအပ်လှူဒါန်းသော ကျောင်းသုံးလွယ်အိတ်နှင့် စာအုပ်များ၊ ရပ်ကွက်အသီးသီးရှိ စီးပွားရေးလုပ်ငန်းရှင်များက လှူဒါန်းသော ငွေကျပ်ကိုးသိန်း၊ တောင်ဥက္ကလာပမြို့နယ် စက်မှုဇုန်လုပ်ငန်းရှင်များက လှူဒါန်းငွေကျပ် ခုနစ်သိန်းနှင့် မြန်မာမွတ်စလင်များအဖွဲ့က လှူဒါန်းငွေကျပ် နှစ်သိန်းတို့ကို လက်ခံသည်။

ပေးအပ်

ထို့နောက် ကျောင်းနေအရွယ် ကလေးများအား ကျောင်းသုံးပစ္စည်းနှင့် ကျောင်းဝတ်စုံများအား မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

ယင်းနောက် တောင်ဥက္ကလာပမြို့နယ် ပညာရေးမှူး ဒေါ်ရီရီစိန်က အခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှု

အခမ်းအနားအပြီးတွင် ဒေါ်မာမာဝေနှင့်အဖွဲ့သည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသားမိဘများနှင့်ကလေးများ ကျောင်းအပ်နှံနေမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်မာမာဝေ တောင်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းနေအရွယ် ကလေးများ ကျောင်းအပ်နှံရေးနှင့် ကျောင်းသုံးပစ္စည်းများ၊ ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် သံဃာ့ဆေးရုံ ကြီးကြပ်မှုကော်မတီ အစည်းအဝေးကို မေ ၂၄ ရက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မြို့နယ်ဥက္ကဋ္ဌက သာသနာဝင် မှတ်တမ်းရှိပြီး သက်ဆိုင်ရာကျောင်းတိုက် ဆရာတော်ကြီးများ၏ ထောက်ခံချက်ဖြင့် ရဟန်း၊ သာမဏေများ ဆေးရုံတက်ရောက် ကုသနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှာကြားစဉ်။ (မြ)

ဘွဲ့တံဆိပ်တော်ရ (မွန်ပြည်နယ်)မှ ဆရာတော် ၁၄ ပါးအား ထပ်ဆင့်ပူဇော်ပွဲကျင်းပ

ရန်ကုန်　　မေ　　၂၈

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ၂၀၀၇ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ မွန်ပြည်နယ်မှ ဆရာတော် ၁၄ ပါးအား ထပ်ဆင့်ပူဇော်ပွဲ၊ လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို မေ ၁၇ ရက် မွန်းလွဲ ၁ နာရီက မွန်ပြည်နယ် မော်လမြိုင်မြို့ သာသနာ့ ဗိမာန်တော်ကြီးတွင် ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သက်နိုင်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုးတို့ ဖူးမြော်ကြည်ညိုကြသည်။

အခမ်းအနားသို့ သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ၊ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ပြည်နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်မှုဆောင်များ၊ အသင်းအဖွဲ့များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ ဘွဲ့တံဆိပ်တော်ချီးမြှင့်တော်မူခံရသည့် ဆရာတော် သထုံမြို့ လယ်ဝန်းကျောင်းတိုက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဓဇ ဘဒ္ဒန္တ သီရိန္ဒထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင် ဝင်းက သာသနာတော်ဆိုင်ရာများကို တင်လျှောက်တော်မူသည်။ ယင်းနောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သက်နိုင်ဝင်းနှင့် ဇနီးဒေါ်မြင့်မြင့်စိုး၊ ပြည်နယ်အတွင်းရေးမှူး ဦးအောင်ဝင်း အမှူးပြုသော ပြည်နယ်အဆင့် ဌာန ဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူ များက ၂၀၀၇ ခုနှစ် သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ မွန်ပြည်နယ် မှ ဆရာတော် ၁၄ပါးအား လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

လောင်းလှူ

ထို့နောက် ဆရာတော်များအား တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများ၊ အလှူရှင်များက ဆွမ်းခြောက်များ စည်ကားသိုက်မြိုက်စွာ လောင်းလှူကြ သည်။ (၁၀၇)

တိပိဋက ဓမ္မရက္ခိတအဖွဲ့ ဥက္ကဋ္ဌက တိပိဋကဓရ စာအောင် သံဃာတော်ထံ ချီးကျူးဂုဏ်ပြုပူဇော်လွှာ ဆက်ကပ်စဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

မွန်ပြည်နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။

(တယက)

အင်းစိန်မြို့နယ် ဖောင်တော်ဦးမတ်ရပ်တော် ဘုရားကြီး ဘက်စုံပြုပြင်ပြီးစီး၍ ရေစက်ချအခမ်းအနားကျင်းပ

ရန်ကုန်　　မေ　　၂၈

ရန်ကုန်မြို့ အင်းစိန်မြို့နယ် မြို့သစ်(က+ခ)ရပ်ကွက်ရှိ ဖောင်တော်ဦး မတ်ရပ်တော် ဘုရားကြီးနှင့် အာရုံခံတန်ဆောင်းကြီးတို့ကို အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်နေ ဘုရားဒါယကာ ဒေါက်တာမောင်မောင်အေး၊ ဘုရား ဒါယိကာမ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်မိမိလှိုင်မိသားစု တစ်ဦးတည်း ငွေကျပ် သိန်းတစ်ထောင်ကျော်အကုန်ကျခံကာ ဘက်စုံပြုပြင်တည်ဆောက်ပြီးစီး၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်ချအခမ်းအနားကို မေ ၂၅ရက် နံနက် ၉နာရီတွင် အဆိုပါ ဘုရားကြီးရင်ပြင်တော်၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်မှ တိုက်အုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသ၊ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တပဏ္ဍိတနှင့် ပင့်သံဃာတော်များကြွရောက်တော်မူကြပြီး သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာနမှူး ဗိုလ်မှူးစိုးနိုင်၊ ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းငွေ၊ ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဖောင်တောင်ဦးမတ်ရပ်တော်ဘုရားကြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်မိသားစု၊ ဖိတ်ကြားထားသူ များနှင့် ဝတ်အသင်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မဟာသံ့သာရ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရနှင့် သံဃာတော်များက ဖောင်တော်ဦး မတ်ရပ်တော်ရုပ်ပွားတော် မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး ပရိသတ်တို့က နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အောင်ဆန်းမဟာမြိုင်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အကြံပေးပုဂ္ဂိုလ်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အလှူရှင်မိသားစုတို့က ဆရာတော်ကြီး ၁၅ပါးတို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း အထွေထွေမန်နေဂျာ ဦးဝင်းဖေက သစ်တောရေးရာဝန်ကြီးဌာနက လှူဒါန်းသည့် ဖောင်တော်ဦး မတ်ရပ်တော် ဘုရားကြီး သာသနာ့မြေ သုံးဧကနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဘုရားကြီး ဩဝါဒါစရိယ ဆရာတော်များဖြစ်ကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်နှင့် ဈေးကုန်းပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်တို့ထံမှ ပရိသတ်တို့က ဩဝါဒကထာနှင့် ရေစက်ချတရားတို့ကိုနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဖောင်တော်ဦးမတ်ရပ်တော်ဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ဦးမြင့်တို့က ဒုတိယဝန်ကြီးနှင့် အလှူရှင်မိသားစုတို့အား ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီးပုံတော်များကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်ကြကာ ဝတ်အဖွဲ့များက အရပ် ၁၀မျက်နှာ မေတ္တာပို့သကြသည်။

အဆိုပါ ဖောင်တော်ဦးမတ်ရပ်တော်ဘုရားကြီးသည် လွန်ခဲ့သော နှစ်ပေါင်း ၆၀ကျော်က လှိုင်မြစ်ကမ်းဘေး ဒီရေတောထဲ၌ ဉာဏ်တော် ၂၇ တောင်ကို အင်္ဂတေဖြင့် တည်ထားခဲ့ရာ ၂၀၀၄ခုနှစ် ဇူလိုင်လတွင် သဘာဝဘေးဒဏ်ကြောင့် မတ်ရပ်တော်ဘုရားကြီး ရှေ့သို့ယိုင်ကာ နေရာအနှံ့ ကွဲအက်ပျက်စီးခဲ့သဖြင့် ပြန်လည်ပြုပြင်ရန် စီစဉ်နေစဉ် ၂၀၀၄ခုနှစ် ဒီဇင်ဘာလတွင် လျှပ်ဒဏ်ကြောင့် ကွဲအက်ပျက်စီးနေသည့် နေရာအားလုံးပြန်စေ့ကာ ရုပ်ပွားတော်မြတ်ကြီးသည် တည့်မတ်စွာ ရပ်တော်မူနေသည်ကို ထူးဆန်းစွာ ဖူးမြော်ရကြောင်း သတင်းရရှိ သည်။ (သတင်းစဉ်)

ဗောဓိဇယစေတီတော် ရွှေထီးတင်လှူပူဇော်ပွဲ

ရန်ကုန်　　မေ　　၂၈

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမပါဠိတက္ကသိုလ် ကျောင်းတိုက်အတွင်း ကျောင်းတိုက်တည် အာဒိကမ္မိကဆရာတော် ဘဒ္ဒန္တ သုဇာတမဟာထေရ် အထိမ်းအမှတ်အဖြစ် တည်ထားကိုးကွယ်သော ဗောဓိဇယ (အောင်ဗောဓိ) စေတီတော်မြတ်၏ ရွှေထီးတော်တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနား ကို ၁၃၆၉ ခုနှစ် နယုန်လပြည့်(မဟာသမယနေ့) မေ ၃၀ ရက် နံနက်တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ စေတီတော်တည်ထားရာ၌ ပါဝင်လှူဒါန်းထားကြသည့် ဒါယကာ၊ ဒါယိကာမများ၊ ကျောင်းဒါယကာ၊ ဒါယိကာမများ လာရောက်ကြည်ညိုနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

(၅၉)ကြိမ်မြောက် တိပိဋကဓရ စာအောင်သံဃာများအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကျင်းပ

ရန်ကုန်　မေ　၂၈

(၅၉)ကြိမ်မြောက် တိပိဋကဓရ စာအောင် သံဃာတော်များအား တိပိဋကဓမ္မရက္ခိတအဖွဲ့က ချီးကျူး ဂုဏ်ပြုပူဇော်သည့် အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ တိပိဋကဓမ္မရက္ခိတ ဗိမာန်တော်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်များက ပရိတ်တရားတော် ချီးမြှင့်တော်မူကြ သည်။ ထို့နောက် တိပိဋက ဓမ္မရက္ခိတ အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးစိန်တင့်က အခမ်း အနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တိပိဋကဓမ္မရက္ခိတ အဖွဲ့က ဂုဏ်ပြုစပ်ဆိုထားသော ရတု ဖြင့် ဆရာတော်များအား ပူဇော်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် တိပိဋကဓမ္မရက္ခိတ အဖွဲ့က ဆရာတော်များအား တေးထပ် ဖြင့် ပူဇော်ကြပြီး တိပိဋကဓမ္မရက္ခိတ အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တိပိဋကဓရ စာအောင် သံဃာတော် များအား ချီးကျူးဂုဏ်ပြုပူဇော်လွှာများ နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် ရေစကြိုဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသထံမှ အနုမောဒနာ တရားနာကြားကြပြီး လှူဒါန်းမှုအစုစု တို့အတွက် ရေစက်သွန်းချ အမျှပေးဝေ ကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၈

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်၌ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြန်မာကျောင်းဆရာတော် အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏိန္ဒ၏ ဩဝါဒမေတ္တာတော်နှင့်အညီ မဇ္ဈိမဒေသ ရဟန်းတော်များနှင့် ပြည်တွင်းပြည်ပပင့်သံဃာတော်အပါး ၃၀တို့၏ သုံးရက်တိုင်တိုင် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကို ယမန်နေ့တွင် အဆိုပါကျောင်းတော်၌ ကျင်းပရာ**(အောက်ဝဲပုံ)** ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဆရာတော် ဒေါက်တာသောပါကက ရောင်ခြည်တော်ဖွင့်ဂါထာဖြင့် ဘုရားပင့် သည်။

ထို့နောက် မြို့နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ နေနတ်သားဆရာတော် ဘဒ္ဒန္တဇနကထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ပဋ္ဌာန်းအကြောင်း သိကောင်းစရာ ဩဝါဒကထာကို နာယူကြသည်။

ဆက်လက်၍ သီဟသုဓမ္မ မဏိ ဇောတဓရ သဒ္ဓမ္မဇောတိကဓဇ ရွှေမြင့်တင် ဦးညိုက ပဋ္ဌာန်းတရား နာကြားရန် နတ်ဗြဟ္မာများအား ဖိတ်ကြားပြီး စောင်းဦးအောင်သန်းဇော် နှင့် အဖွဲ့က ရတုတေးထပ်ဖြင့် သီကျူး ပူဇော်သည်။

ယင်းနောက် ဆရာတော် ဒေါက်တာ သုန္ဒရက ပဋ္ဌာန်းဖွင့်ပွဲအမွှမ်းဂါထာ ဖတ်ကြား၍ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်က သာသနာရေးဆိုင်ရာ များကို လျှောက်ထားပြီး ဆရာတော် သံဃာတော်များနှင့် ပရိသတ်တို့က ပဋ္ဌာန်း(၂၄)ပစ္စည်းကို ရွတ်ဆိုပူဇော် ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အပစ်အခတ်ရပ်စဲရေး ပျက်ပြား လက်ဘနွန်၌ တိုက်ပွဲများ ပြန်လည်ဖြစ်ပွား

ဘေရွတ် မေ ၂၇

လက်ဘနွန်နိုင်ငံတွင် အစိုးရတပ်ဖွဲ့နှင့် အယ်လ်ခိုင်ဒါ ကျောထောက်နောက်ခံပြုစစ်သွေးကြွ အုပ်စုတို့၏ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်မှာ စနေနေ့ နှောင်းပိုင်းတွင် ပျက်ပြားသွားသည်။ ပါလက်စတိုင်း ဒုက္ခသည်စခန်း တည်ရှိရာနေရာမှ စက်သေနတ်ပစ်ခတ်သံများနှင့် ရော့ကက် ဒုံးကျည်ပေါက်ကွဲသံများ ပေါ်ထွက် ခဲ့ကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

လက်ဘနွန်မြောက်ပိုင်း နာအယ်လ်–ဘာရက် ဒုက္ခသည်စခန်းတွင် စနေနေ့ ညသန်းခေါင်ယံ မတိုင်မီ မိနစ် ၂၀ ကြာမျှ အပြန်အလှန်ပစ်ခတ်မှု ပေါ်ပေါက်ခဲ့သည်။ အဆိုပါ ဒုက္ခသည်စခန်းကို ခြေကုပ်ယူကာ စစ်သွေးကြွအုပ်စုက တိုက်ခိုက်လာမှုမှာ ရက်သတ္တတစ်ပတ် ကြာမြင့်ခဲ့ပြီဖြစ်သည်။

ဒုက္ခသည်စခန်း ဆင်ခြေဖုံးတွင် ရန်သူလှုပ်ရှားမှု အချို့ကို တွေ့ခဲ့ရပြီးနောက် စတင်ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း လက်ဘနွန် ကြည်းတပ်က ပြောကြားသည်။ မိမိတို့သည် အညံ့ခံမည်မဟုတ်ကြောင်း စစ်သွေးကြွအုပ်စုခေါင်းဆောင်ရှာကာအယ်လ်ဘက်စီက အယ်လ်ဂျာဇီယာ အာရပ်ရုပ်မြင်သံကြား၏ လူတွေ့ မေးမြန်းခန်းတွင် ပြောကြားသည်။

အင်တာနက်။

လက်ဘနွန် နိုင်ငံတွင် တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည့် နာအယ်လ်ဘာရက်ဒုက္ခသည်စခန်းသို့ ပို့ရန် လက်ဘနွန်တပ်ဖွဲ့မှ သံချပ်ကာယာဉ်တစ်စီး သယ်ဆောင်သွားသည်ကို မေ ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မိုဂါဒစ်ရှူးရှိ ကုလသမဂ္ဂရုံး တိုက်ခိုက်ခံရ

မိုဂါဒစ်ရှူး မေ ၂၇

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့ရှိ ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံးကို သီတင်းပတ်အကုန်ပိုင်းက သေနတ်သမားများက တိုက်ခိုက်ရာ အစောင့်တစ်ဦး ထိခိုက်ဒဏ်ရာရသွားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက မေ ၂၅ ရက်တွင် ပြောကြားသည်။ ကုလသမဂ္ဂ အဆောက်အအုံအနီးတွင် မေ ၂၂ ရက်က ဗုံးပေါက်ကွဲခဲ့ရာ သုံးဦး သေဆုံးသွားသည်။

အမ်အမ်အေ၊ရိုက်တာ။

တရုတ်အနောက်တောင်ပိုင်း၌ မိုးကြိုးပစ် ခုနစ်ဦးသေဆုံး

ချုံကင်း မေ ၂၅

တရုတ်နိုင်ငံ အနောက်တောင် ပိုင်း၌ မေ ၂၃ ရက် ညနေပိုင်းက ရွာရှိကျောင်း မိုးကြိုးပစ်ခံရသဖြင့် ကျောင်းသူ၊ ကျောင်းသား ခုနစ်ဦး သေဆုံးပြီး ၃၀ ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

ကိုင်ဇန်ခရိုင် ဇင်ဂျီရွာရှိ မူလတန်းကျောင်းကို မေ ၂၃ ရက် ညနေ ၄ နာရီခန့်တွင် မိုးကြိုးပစ်ခဲ့ကြောင်း၊ ယင်းအချိန်တွင် ကျောင်းသားလေးများ စာသင်ကြားလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဒဏ်ရာရရှိသူအားလုံးကို ဆေးရုံသို့ တင်ထားကြောင်း၊ သေဆုံးသူ ကျောင်းသား ခုနစ်ဦးမှာ အသက် ၁၀ နှစ်မှ ၁၄ နှစ်ကြားရှိကြောင်း ခရိုင်တာဝန်ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကမ္ဘာလှည့်ခရီးသည် တတိယအများဆုံးလာရောက်သည့်နိုင်ငံ တရုတ်ဖြစ်လာမည်

ပေကျင်း မေ ၂၇

တရုတ်နိုင်ငံသည် လာမည့်နှစ်မှစ၍ ကမ္ဘာပေါ်တွင် ကမ္ဘာလှည့်ခရီးသည် တတိယ အများဆုံး လာရောက်သည့် နိုင်ငံဖြစ်လာမည်ဖြစ်ကြောင်း ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့က မေ ၂၅ ရက်တွင် ပြောကြားသည်။

ယခုလောလောဆယ်တွင် ကမ္ဘာလှည့်ခရီးသည် အများဆုံး လာရောက်သည့် နိုင်ငံများစာရင်းတွင် တရုတ်နိုင်ငံက စတုတ္ထနေရာတွင် ရပ်တည်နေပြီး အမေရိကန်နိုင်ငံက တတိယနေရာတွင် ရပ်တည်နေသည်။ ပြင်သစ်နှင့် စပိန်တို့မှာမူ ပထမနေရာနှင့် ဒုတိယနေရာတို့တွင် ရပ်တည်နေသည်။

လွန်ခဲ့သည့်နှစ်က ကမ္ဘာ့ခရီးသွားလုပ်ငန်းဈေးကွက်၏ ၅ ဒသမ ၈ ရာခိုင်နှုန်းကို တရုတ်နိုင်ငံက ရရှိခဲ့သည်။ လွန်ခဲ့သည့်နှစ်နှစ်ကာလနှင့် နှိုင်းယှဉ်ပါက တရုတ်နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်လာရောက်မှု သုည ဒသမ ၃ ရာခိုင်နှုန်း ပိုမိုတိုးတက်လာသည်။ အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများသို့ လွန်ခဲ့သည့်နှစ်တွင် လာရောက်သည့် ကမ္ဘာလှည့်ခရီးသည် ၂၉ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံတွင် လည်ပတ်ခဲ့ကြသည်။ တရုတ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်ထက် နောက်မကျဘဲ ကမ္ဘာပေါ်တွင် ကမ္ဘာလှည့်ခရီးသည် အလာရောက်ဆုံးနိုင်ငံအဖြစ်သို့ ပြောင်းလဲရောက်ရှိလာမည်ဟု ခန့်မှန်းခဲ့သည်။ တရုတ်နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် လာရောက်မှုမှာ ၁၉၉၆ ခုနှစ်တွင် ၁၀ ဒသမ ၅ သန်းရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် ၉၄ သန်းအထိ မြင့်တက်လာသည်။ လာမည့်နှစ်တွင် မြို့တော်ပေကျင်း၌ နွေရာသီအိုလံပစ်အားကစားပွဲတော် ကျင်းပရန်ရှိခြင်းနှင့် ၂၀၁၀ ပြည့်နှစ်တွင် ရှန်ဟိုင်းမြို့၌ ကမ္ဘာ့ကုန်စည်ပြပွဲ ကျင်းပရန် ရှိခြင်းတို့ကြောင့် ယင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှာ ကျယ်ပြန့်လာမည်ဖြစ်ကြောင်း ချိုင်းနားဒေလီသတင်းစာတွင် ရေးသားဖော်ပြသည်။

အင်တာနက်။

တရုတ်နိုင်ငံ ပေကျင်းမြို့ တုန်ဟူးမြစ်အတွင်း၌ အမှိုက်သရိုက်များ ရှင်းလင်း ဖယ်ရှားနေသည်ကို မေ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ထိုင်းတောင်ပိုင်းတွင် ဗုံးခုနစ်လုံးပေါက်ကွဲ ကိုးဦးဒဏ်ရာရ၊ နှစ်ဦးပြင်းထန်

ဗန်ကောက် မေ ၂၈

ထိုင်းနိုင်ငံတောင်ပိုင်း ဟတ်ယိုင်မြို့တွင် မေ ၂၇ရက်က ဗုံးငယ်ခုနစ်လုံးပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး လူကိုးဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုတိုက်ခိုက်မှုသည် ခွဲထွက်ရေးသမားများ၏ လုပ်ရပ်နှင့်ဆင်တူသည်ဟု ဆိုသည်။ သို့သော် ယခုဖြစ်ရပ်သည် ခွဲထွက်ရေးသမားများ၏ လက်ချက်ဟုတ်၊မဟုတ် ပြောကြားရန် ထိုင်းကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆွန်သီဘွန်ရာရတ်လင်က ငြင်းဆိုသည်။ ထိုဗုံးများသည် ဆိုဒါဘူးခွံမျှသာရှိသဖြင့် များများစားစား ပျက်စီးရန် ရည်ရွယ်ခြင်း မဟုတ်ဘဲ အထိတ်တလန့်ဖြစ်စေရန်သာ ရည်ရွယ်ခြင်း ဖြစ်နိုင်သည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အရှေ့ဂျေရုဆလင်တွင် ပါလက်စတိုင်းနှင့် အစ္စရေးတို့ ပစ်ခတ်မှုဖြစ်

ဂျေရုဆလင် မေ ၂၈

အရှေ့ဂျေရုဆလင်ဒေသတွင် အစ္စရေးလုံခြုံရေးတပ်ဖွဲ့များ၏ လက်ချက်ကြောင့် မေ ၂၇ရက်က ပါလက်စတိုင်းသေနတ်သမားနှစ်ဦး သေဆုံးသွားကြောင်း အစ္စရေးရဲတပ်ဖွဲ့က ပြောကြားသည်။

အရှေ့ဂျေရုဆလင်ဒေသနှင့် အနောက်ဘက်ကမ်းခြေဒေသရှိ ဘက်သလီဟမ်မ်စ်မြို့တို့အကြား ရှိတ်ဆက်အရပ်တွင် ဖြစ်ပွားသော ပစ်ခတ်မှုအတွင်း အဆိုပါ ပါလက်စတိုင်းနှစ်ဦးသေဆုံးခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

အခင်းဖြစ်ပွားမှုတွင် အစ္စရေးတပ်ဖွဲ့ဝင် လေးဦး ဒဏ်ရာရရှိခဲ့သော်လည်း ဒဏ်ရာမှာ ပြင်းထန်ခြင်း မရှိကြောင်း ရဲတပ်ဖွဲ့က ပြောဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယနိုင်ငံ တမီနာဒူးဒေသတွင် အဆောက်အအုံပြိုကျ၊ ၂၇ဦးသေဆုံး

နယူးဒေလီ မေ ၂၅

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီနာဒူးပြည်နယ်ရှိ တီရူပါမြို့၌ ဗုဒ္ဓဟူးနေ့ညဘက်တွင် နံရံပြိုကျခဲ့သဖြင့် လူ ၂၇ဦးသေဆုံးသည်။

– ထုတ်ဖော် –

အာဏာပိုင်ပုဂ္ဂိုလ်များကကြာသပတေးနေ့တွင် အလောင်း ၁၄ လောင်းကို မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်ပြောကြားကြောင်း အိန္ဒိယ–အာရှ သတင်းဌာနကဖော်ပြသည်။

– မတော်တဆဖြစ် –

အဝတ်အထည်ထုတ်လုပ်ရာ တီရူပါမြို့၏ ဆင်ခြေဖုံးဒေသရှိ ဘင်ဂျာရီလာယမ်မြို့ငယ် ကလေးမှ ကေပီကေ အထည်အလိပ် အရောင်ဆိုးသည့် အဆောက်အအုံတွင် ဗုဒ္ဓဟူးနေ့ညက ယင်းမတော်တဆဖြစ်မှု ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

– အခြေအနေဆိုးရွား –

အလောင်းများကို ဒေသန္တရဆေးရုံသို့ ယူဆောင်သွားသည်။ အဆောက်အအုံနံရံသည် ကျောက်တုံးကြီးများဖြင့် ဆောက်ထားသဖြင့် နံရံပြိုလဲရာတွင် လူများသည် ယင်းကျောက်တုံးများအောက်တွင် ပိညပ်နေမှုကြောင့် အလောင်းအချို့မှာ မြင်မကောင်း ရှုမကောင်းအောင် အခြေအနေဆိုးရွားသွားသည်။ သေဆုံးသူ အများစုမှာ အထည်အလိပ်ဌာနမှ အလုပ်သမားများဖြစ်သည်။

အဆိုပါ နံရံသည် ပေ ၂၀မြင့်ပြီး စက်ရုံကို ကာရံထားခြင်းဖြစ်သည်။ ယင်းစက်ရုံအနီးတွင် ရုပ်ရှင်ရုံရှိပြီး လူစည်ကားရာ နေရာလည်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။



အီတလီနိုင်ငံတောင်ပိုင်း တာရန်တို ပင်လယ်အော်အတွင်း နေတိုးမှုရေယာဉ်နှင့် ရဟတ်ယာဉ်များ အကြမ်းဖက်မှု နှိမ်နင်းရေးစစ်ရေးလေ့ကျင့်နေကြသည်ကို မေ ၂၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အာကာသရေးရာ ပူးပေါင်းဆောင်ရွက်ရေး အိန္ဒိယနှင့် ဘရာဇီး လုပ်ငန်းအဖွဲ့ထူထောင်

နယူးဒေလီ မေ ၂၇

နှစ်နိုင်ငံ အာကာသရေးရာလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးအတွက် အိန္ဒိယအာကာသဌာနနှင့် ဘရာဇီးအာကာသအေဂျင်စီတို့သည် လုပ်ငန်းအဖွဲ့ကို ထူထောင်လိုက်ပြီဖြစ်ကြောင်း မေ ၂၇ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

(၅၈)ကြိမ်မြောက် နိုင်ငံတကာအာကာသကွန်ဂရက်ကို စက်တင်ဘာလတွင် ကျင်းပသည့်အခါ အဆိုပါလုပ်ငန်းအဖွဲ့က အာကာသရေးရာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များကို ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ နိုင်ငံတကာ အာကာသကွန်ဂရက်ကို နိုင်ငံတကာအဖွဲ့ချုပ်က ကမကထပြုကျင်းပမည်ဖြစ်သည်။

ဘရာဇီးနှင့်အိန္ဒိယနိုင်ငံတို့သည် ဂြိုဟ်တုစီမံကိန်းများကို အဓိက အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ ဂြိုဟ်တုလွှတ်တင်ခြင်း၊ ဂြိုဟ်တုသုတေသနလုပ်ကိုင်ခြင်းစသည်တို့ပါဝင်မည်ဖြစ်သည်။

နှစ်နိုင်ငံအာကာသရေးရာပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ ကွန်ပျူတာကွန်ရက်စနစ်သုံး ဆေးဝါးကုသခြင်းနှင့် ပညာဆည်းပူးလေ့လာခြင်းတို့ကို လုပ်ဆောင်သွားရန်လည်း ရည်မှန်းထားသည်။

အိန္ဒိယအာကာသရေးရာလှုပ်ရှားမှုများသည် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲခြင်း၊ သဘာဝဘေးအန္တရာယ် လေ့လာစောင့်ကြည့်ခြင်းနှင့် စားနပ်ရိက္ခာထုတ်လုပ်ခြင်းတို့တွင် ဂြိုဟ်တုနည်းပညာဖြင့် အသုံးပြုဆောင်ရွက်သွားနိုင်ရန် ရည်မှန်းထားသည်။ ***အင်တာနက်။***

ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်မှု ထက်ဝက်လျှော့ချရန် ဂျပန် စီစဉ်

တိုကျို မေ ၂၇

ကမ္ဘာကြီး ပူနွေးလာမှု သက်သာလျော့ပါးစေရန်အတွက် ၂၀၅၀ပြည့်နှစ်အတွင်း လေထုအပူချိန် မြင့်တက်စေသည့်ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကို၅၀ရာခိုင်နှုန်းအထိလျှော့ချမည့် အစီအစဉ်တစ်ရပ်ကို ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ကြာသပတေးနေ့တွင် ကြေညာလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းများအရ သိရသည်။

ရှင်ဇိုအာဘေးက ရှေ့ဆောင်ရှေ့ရွက်ပြုဆောင်ရွက်မည့် အစီအစဉ်သစ်ကို ထုတ်ပြန်ကြေညာထားသည်။ ဂျပန်အစိုးရအနေဖြင့် ကျိုတိုစာချုပ် အခြေခံမှုများကို လိုက်နာသွားရန် ဆန္ဒရှိကြောင်း အာရှနိုင်ငံရေးနှင့် စီးပွားရေး ခေါင်းဆောင်များ၏ ညီလာခံတွင် ၎င်းက ပြောကြားသည်။

ကမ္ဘာတစ်ဝန်းလုံးအတွက် တူညီသော ရည်ရွယ်ချက် ပေါက်မြောက်စေရန် ဂျပန်အစိုးရက၂၀၅၀ပြည့်အတွင်း ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်မှုကို ယခုလက်ရှိ ပမာဏမှ ထက်ဝက်အထိ လျှော့ချမည့် နှစ်စဉ်ရည်မှန်းချက် ချမှတ်ကြောင်း ရှင်ဇိုအာဘေးကို ကိုးကား၍ ကျိုတိုသတင်းဌာနက ဖော်ပြသည်။ အဆိုပါ ဓာတ်ငွေ့များ အများဆုံး ထုတ်လွှတ်နေသည့် နိုင်ငံများအနေဖြင့် ကျိုတိုစာချုပ်တွင် လက်မှတ်ရေးထိုးကြရန်နှင့် လောင်စာစွမ်းအင်ချွေတာရေးအတွက် နည်းပညာများတီထွင်ဖန်တီးကြရန်၎င်းက ပန်ကြားလိုက်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တူရကီတွင် ဘိန်းဖြူ ဖမ်းမိ

အန်ကာရာ မေ ၂၇

တူရကီနိုင်ငံ ရဲတပ်ဖွဲ့သည် အစ္စတန်ဘူလ်မြို့၌ ဘိန်းဖြူ ၂၅၀ ကီလိုကို ဖမ်းဆီးရမိကြောင်း အနာတိုလီယာသတင်းဌာနက မေ ၂၄ရက်သတင်းတွင် ဖော်ပြသည်။

ရဲတပ်ဖွဲ့သည်အစ္စတန်ဘူလ်မြို့ ကီမာဘာဂတ်စ်အရပ်ရှိ ယာဉ်တစ်စီးကို စစ်ဆေးရှာဖွေရာ မူးယစ်ဆေးဝါးများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းအမှုနှင့် ဆက်စပ်နေသော လူသုံးဦးကိုလည်း ထိန်းသိမ်းထားကြောင်း သိရသည်။

မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းများသည် အာရှနှင့်အရှေ့အလယ်ပိုင်းဒေသမှ တားမြစ်ဆေးများကို တူရကီနိုင်ငံမှ ဖြတ်သန်း၍ဥရောပဈေးကွက်သို့မှောင်ခိုသွင်းနေကြခြင်းဖြစ်သည်။တူရကီနိုင်ငံတွင် လွန်ခဲ့သော ငါးနှစ်တာ အချိန်အတွင်း အာဏာပိုင်များက မူးယစ်ဆေးဝါးအလေးချိန်၁၁၂တန်ကို ဖမ်းဆီးနိုင်ခဲ့ကြောင်း လုံခြုံရေးတပ်ဖွဲ့ အကြီးအကဲဗိုလ်ချုပ်ကြီး ယာဆာဘူ ယူကန့်ကပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မော်နာကိုနိုင်ငံ မွန်တီကာလိုမြို့တွင်ပြုလုပ်မည့် ဂရင်းပရီကားမောင်းပြိုင်ပွဲအတွက် ပါဝင်ယှဉ်ပြိုင်ရန် လေ့ကျင့်နေသော ပြိုင်ကားတစ်စီးကို မေ ၂၆ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

စပိန်နိုင်ငံ ဂျီဘရော်လ်တာဒေသအနီး လေယာဉ်တစ်စင်း ဆင်းသက်နေသည်ကို မေ ၂၇ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

တူရကီနိုင်ငံ အန်ကာရာမြို့တွင် မေ ၂၆ရက်က ကုန်တိုက်ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ယူနန်ပြည်နယ်၌ဦးနှောက်ရောင်ရောဂါဖြစ်ပွား

ကူမင်း မေ ၂၇

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်၌ ဦးနှောက်ရောင်(ဘီ) ရောဂါဖြစ်ပွားသဖြင့် လူပေါင်း၁၀၀နီးပါးကို ဆေးရုံတင်လိုက်ရကြောင်း ဒေသဆိုင်ရာ ဆေးရုံသတင်းရပ်ကွက်က စနေနေ့တွင် အတည်ပြုပြောကြားသည်။

ယူနန်ပြည်နယ်အနောက်ပိုင်း ပေါင်ရှန်မြို့နယ် ရှီတီယန်စီရင်စုဆေးရုံ၌ လူနာပေါင်း ၃၀ ကျော်ကို ဆေးကုသပေးလျက်ရှိကြောင်း ဆေးရုံမှတာဝန်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ အဆိုပါဆေးရုံက လွန်ခဲ့သည့်သီတင်းပတ်တွင် ဦးနှောက်ရောင်(ဘီ) ရောဂါဖြစ်ပွားသူ ၄၀ ကျော်ကို လက်ခံကုသပေးခဲ့ပြီး ရောဂါမပြင်းထန်သူအချို့အား အိမ်သို့ပြန်ခွင့်ပြုခဲ့သည်။

ကျူဖန်ကျေးရွာရှိ ကျေးလက်ဆေးပေးခန်း၌လည်း ဆေးရုံတင်ထားရသည့် လူနာအများအပြားရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ရာမာဒီဈေးအတွင်း၌ ကားဗုံးပေါက်ကွဲ၊ ခုနစ်ဦး သေဆုံး

ဘဂ္ဂဒက် မေ ၂၈

မငြိမ်မသက်မှုများဖြစ်ပွားနေသော အီရတ်နိုင်ငံ ရာမာဒီမြို့၏ လူစည်ကားရာ ဈေးအတွင်း၌ ကားဗုံးပေါက်ကွဲရာ လူခုနစ်ဦးသေဆုံးပြီး ၁၂ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက မေ ၂၇ရက်နေ့က ပြောကြားသည်။ ရာမာဒီမြို့သည် ဘဂ္ဂဒက်မြို့၏ အနောက်ဘက် ကီလိုမီတာ ၁၁၀ ခန့်၌ တည်ရှိသည်။

ရာမာဒီမြို့ တာမင်ဒေသအနီးအနားရှိ ဈေးအတွင်း လူစည်ကားပြီး ရှုပ်ထွေးနေချိန် ညနေခင်း၌ ကားထောင်ချောက်ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ ခုနစ်ဦးသေဆုံးပြီး ၁၂ဦးကျော် ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဘဂ္ဂဒက်တောင်ဘက် ကီလိုမီတာ ၅၀ အကွာ ဂျက်ဖ်အယ်–ဆာခ်ဟာဒေသအနီး အဓိကလမ်းကြီးပေါ်ရှိ အီရတ်တပ်ဖွဲ့ စစ်ဆေးရေးဂိတ်၌ ထရပ်ကားဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အနည်းဆုံး တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး သုံးဦးမှာ ထိခိုက်ဒဏ်ရာရရှိကြောင်း ဘဂ္ဂဒက်တောင်ဘက် ဘာဘေပြည်နယ် ရဲတပ်ဖွဲ့က ပြောကြားသည်။

အီရတ်နိုင်ငံ၌ အမေရိကန်ဦးဆောင်သည့် လုံခြုံရေးတပ်ဖွဲ့များသည် ဆူပူမှုများကို လွန်ခဲ့သော သုံးလကတည်းက နှိမ်နင်းခဲ့သည်။ သို့သော် ၎င်းဆူပူမှု လျော့ကျသွားခြင်းမရှိပေ။ ***အမ်အင်အေ၊ဆင်ဟွာ။***

မိုဘိုင်းလ်ဖုန်းဆက်သွယ်မှု ကမ္ဘာ့စံချိန်တင်

လန်ဒန် မေ ၂၇

ဗြိတိသျှလူမျိုး တောင်တက်သမားတစ်ဦးသည် ဧဝရက်တောင်၏ တောင်ထိပ်မှ မိုဘိုင်းလ်ဖုန်း ဆက်သွယ်ပြောဆိုနိုင်ခြင်းမှာ ကမ္ဘာ့စံချိန်သစ်တစ်ရပ်ပင်ဖြစ်ကြောင်း မေ ၂၅ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ရော့ဒ်ဘာဘာအမည်ရှိ အဆိုပါ တောင်တက်သမားသည် ဧဝရက်တောင်ထိပ်မှနေ၍ မိုဘိုင်းလ်ဖုန်း ပြောဆိုဆက်သွယ်မှု နှစ်ကြိမ်ပြုလုပ်ခဲ့သည်။ ဧဝရက်တောင်ထိပ်မှ မိုဘိုင်းလ်ဖုန်း ဆက်သွယ်ပြောဆိုမှုသည် မိမိ၏ ဘဝတစ်သက်တာတွင် တစ်ကြိမ်တည်းသာရနိုင်မည့်အခွင့်အလမ်း ဖြစ်ကြောင်း ဘာဘာက ပြောကြားသည်။

ပံ့ပိုးပေးခဲ့

တရုတ်နိုင်ငံက ထူထောင်ထားသော မိုဘိုင်းလ်ဖုန်း အခြေစိုက်စခန်းတစ်ခုက ယင်းတယ်လီဖုန်း ဆက်သွယ်မှု ပြုလုပ်နိုင်စေရန် ပံ့ပိုးပေးခဲ့သည်။

ဘာဘာသည် အင်္ဂလန်ရှိ ၎င်း၏ဇနီးနှင့်ကလေးများထံ တယ်လီဖုန်းဆက်သွယ်ရာတွင် ဧဝရက်တောင်ဝန်းကျင်၏ ရှုမျှော်ခင်းသာယာပုံ၊ အအေးဓာတ်လွှမ်းခြုံနေပုံနှင့် အခြေစိုက်စခန်းသို့ ၎င်းရောက်ရှိသည့်အခါ ပြုလုပ်မည့် ဆောင်ရွက်ဖွယ်ရာများနှင့် ပတ်သက်၍ ပြောဆိုခဲ့သည်ဆို၏။

အထောက်အထား

၈၈၄၈မီတာအမြင့်ရှိ ဧဝရက်တောင်ထိပ်မှ တယ်လီဖုန်း ဆက်သွယ်ချိန်တွင် လေပြင်းတိုက်ခတ်လျက်ရှိသည်။ အပူချိန်မှာ အနုတ် ၃၀ ဒီဂရီရှိသည်။ မော်တာရိုလာကုမ္ပဏီ၏ လက်ကိုင်ဖုန်းကို အသုံးပြုခြင်းဖြင့် အသံကို မှတ်တမ်းတင်ထားနိုင်ကာ ကမ္ဘာ့စံချိန်အတွက် အထောက်အထားတစ်ရပ် ဖြစ်စေသည်။

ဘာဘာသည် တယ်လီဖုန်းကို ခေတ္တသာ ဆက်သွယ်နိုင်ခဲ့သည်။အကြောင်းမှာ တောင်တက်သမားများအနေဖြင့် တောင်ထိပ်တွင် ၁၅ မိနစ်မျှသာ နေထိုင်လေ့ ရှိသောကြောင့်ဖြစ်သည်။

ဧဝရက်တောင်ထိပ်မှ တယ်လီဖုန်း ဆက်သွယ်မှုမှာ အသက်ဘေးအန္တရာယ်ရှိနိုင်သည်။ အကြောင်းမှာ တယ်လီဖုန်းပြောဆိုနိုင်ရန် အောက်ဆီဂျင်ပို့လွှတ်ပေးသော မျက်နှာဖုံးကို ခေတ္တခဏ ဖယ်ရှားထားရသောကြောင့်ဖြစ်သည်။ ***အင်တာနက်။***

မူပိုင်ခွင့်နှင့် အမျိုးသားရေးတာဝန်

မောင်မောင်မြင့်သိကြား (မင်းကင်း)

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက် (၄)ရပ်အနက် တစ်ရပ်ဖြစ်သော **"နိုင်ငံတော်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာ ဖြစ်ပေါ်လာစေရေး"** အတွက် အသိပညာဆိုင်ရာပစ္စည်းများ (Intellectual Property) ဖြစ်သော မူပိုင်ခွင့် (Copyrights)၊ တီထွင်မှု မူပိုင်ခွင့်များ (Patents)၊ ကုန်အမှတ် တံဆိပ်များ (Trademarks)နှင့် စက်မှုဒီဇိုင်းများ (Industrial Designs)များအတွက် လိုအပ်သော ဥပဒေများ ပြဋ္ဌာန်းပေးရပေမည်။ မြန်မာနိုင်ငံတွင် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဥပဒေများ (Intellectual Property Law) များကို ဝန်ကြီးချုပ်ရုံး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ရှေ့နေချုပ်ရုံးမှ ဦးဆောင်ပြီး ရေးဆွဲလျက်ရှိရာ ယခုအခါ နဝမ(မူကြမ်း)အထိ ရေးဆွဲပြီးဖြစ်ကြောင်း သိရှိရပါသည်။

သတင်းစာ၊ ဂျာနယ်များတွင်လည်း စာနယ်ဇင်းသမားများ၊ ဥပဒေသမားများက မူပိုင်ခွင့်ဆိုင်ရာ၊ ဘာသာရပ်ဆိုင်ရာ သတင်းစာပညာပေး ရေးသားချက်များကို အလေးထားရေးသားကြပြီး ဟောပြောဆွေးနွေးပွဲများ ကျင်းပခြင်း၊ တက္ကသိုလ် ဘွဲ့လွန်သင်တန်းများတွင်လည်း အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဥပဒေဘာသာရပ်များကို ထည့်သွင်းသင်ကြားကြခြင်းတို့ကြောင့် ပြည်သူလူထုအတွင်း မူပိုင်ခွင့်ကို အရေးထားမှု (Intellectual Property Awareness)များ အသိပညာ တိုးတက်ဖွံ့ဖြိုးလာကြသဖြင့် ဝမ်းသာကြိုဆိုပါသည်။

စင်စစ် မူပိုင်ခွင့်ဥပဒေသစ်များမှာ မပြဋ္ဌာန်းရသေးသော်လည်း လက်ရှိမြန်မာနိုင်ငံ၏ ဥပဒေများတွင် မူပိုင်ခွင့်ကို ကာကွယ်စောင့်ရှောက်ပေးသော ပြဋ္ဌာန်းချက်များ ရှိနှင့်ပြီးသား ဖြစ်ပါသည်။ သူတစ်ပါး၏ သီချင်းတစ်ပုဒ်ကို ခိုးယူသုံးစွဲ၍ မရပါ။ သူတစ်ပါး တီထွင်ဖန်တီးထားသော ကုန်ပစ္စည်းဒီဇိုင်းကို တုပသုံးစွဲ၍ မရပါ။ အရေးယူနိုင်သည့် ဥပဒေများရှိနှင့်ပြီးသား ဖြစ်ပါသည်။ ယင်းဥပဒေများသည် သင့်အားသူတစ်ပါး၏ မူပိုင်ခွင့်ကို ခိုးယူခြင်းမှ တားမြစ်ထားခြင်း ဖြစ်သကဲ့သို့ သင်၏မူပိုင်ခွင့်ကိုလည်း သူတစ်ပါးက ခိုးယူခြင်းမှ တားမြစ်မည် ဖြစ်ပါသည်။ လက်ရှိမြန်မာနိုင်ငံ၏ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့် ကာကွယ်စောင့်ရှောက်ရေးနှင့် ဆက်နွယ်သော ဥပဒေများကို အောက်ပါဇယားဖြင့် တင်ပြအပ်ပါသည်–

အမျိုးအစား	ပင်မဥပဒေ	သက်ဆိုင်သောအခြားဥပဒေ
ကုန်အမှတ်တံဆိပ် Trademarks	မရှိ	– ရာဇသတ်ကြီး(၁၈၆၀) – ကုန်သွယ်ရေးဆိုင်ရာအမှတ်အသားများအက်ဥပဒေ(၁၈၈၉) – သီးခြားသက်သာခွင့်အက်ဥပဒေ (၁၈၇၇) – ပင်လယ်အကောက်ခွန်အက်ဥပဒေ (၁၈၇၈) – မှတ်ပုံတင်အက်ဥပဒေ (၁၉၀၈)
စာပေအနုပညာမူပိုင်ခွင့် Copyrights	–၁၉၁၄ခုနှစ် မြန်မာနိုင်ငံမူပိုင်ခွင့် အက်ဥပဒေ (Myanmar Copyrights Act 1914)	– သီးခြားသက်သာခွင့်အက်ဥပဒေ (၁၈၇၇) – ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေ (၁၉၉၆) – ရုပ်ရှင်အက်ဥပဒေ (၁၉၉၆)
တီထွင်မှုမူပိုင်ခွင့် Patents	မရှိ	– တီထွင်မှုမူပိုင်ခွင့်နှင့်ဒီဇိုင်း(အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေ(၁၉၄၆) – သီးခြားသက်သာခွင့်အက်ဥပဒေ (၁၈၇၇) – သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေးဥပဒေ (၁၉၉၄)
စက်မှုလက်မှုဒီဇိုင်း Industrial designs	မရှိ	– တီထွင်မှုမူပိုင်ခွင့်နှင့်ဒီဇိုင်း(အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေ (၁၉၄၆) – သီးခြားသက်သာခွင့် အက်ဥပဒေ (၁၈၇၇) – သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေးဥပဒေ (၁၉၉၄)

အသိဉာဏ်ပစ္စည်း မူပိုင်ခွင့် (Intellectual Property Right) (IPR) ဟူသည် တစ်ဦးတစ်ယောက်၏ ကိုယ်ပိုင်ပစ္စည်းပင်ဖြစ်ပြီး တစ်နည်းအားဖြင့် ရွှေ၊ငွေ ရတနာကဲ့သို့ ပိုင်ဆိုင်မှုတစ်ရပ်ပင်ဖြစ်ပါသည်။ ရွှေ၊ ငွေ ရတနာနှင့် ကွဲပြားသည်မှာ မူပိုင်ခွင့်သည် ထုထည်ဖြင့် ကိုင်တွယ်၍ မရသော ပစ္စည်းမျိုး (Intangible Property) ဖြစ်ပါသည်။ နိုင်ငံတစ်ခုတွင် (IP) မူပိုင်ခွင့်ကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်ခြင်းကြောင့် ကုန်သွယ်မှု စီးပွားရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်စေမည် ဖြစ်ပါသည်။ တီထွင်ဖန်တီးမှုကို ပိုမို၍လည်း လုပ်ဆောင်လာကြပြီး ကိုယ်ပိုင်ဉာဏ် ဖန်တီးမှုဖြင့် သီချင်း၊ ဝတ္ထု၊ ကဗျာများရေးကြမည် ဖြစ်ပါသည်။ နိုင်ငံနှင့်လူမျိုး၏အဆင့်အတန်း တိုးတက်လာမည် ဖြစ်ပါသည်။ မူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းပြီး ထိရောက်စွာ အကောင်အထည်ဖော်ခြင်းဖြင့် ပြည်ပလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ကြမည် ဖြစ်ပါသည်။ ထိုသို့ ပြည်ပလုပ်ငန်းရှင်များ၏ ကုန်အမှတ်တံဆိပ်များ၊ တီထွင်မှုများ၊ နည်းပညာများ၊ ဒီဇိုင်းများကို အကာအကွယ်ပေးခြင်းဖြင့် မိမိနိုင်ငံသည် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ရှိလာခြင်း၊ ငွေမာများ ဝင်လာခြင်း၊ နည်းပညာသစ်များ ရရှိနိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွန်းလာခြင်း၊ နိုင်ငံတကာ ကုန်သွယ်မှုနယ်ပယ်တွင် မျက်နှာရခြင်း စသည့် အကျိုးများ ခံစားရပေမည်။

နိုင်ငံတကာ အသိုင်းအဝိုင်းမှ အသိအမှတ်ပြုထားသောအချက်မှာ "မူပိုင်ခွင့်ကို ကာကွယ်စောင့်ရှောက်ခြင်းသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် တန်ဆာပလာ ကိရိယာဖြစ်သည်" (Intellectual Property Rights Protection is the tool for economic growth of a state)ဟူ၍ဖြစ်ပါသည်။ ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် မူပိုင်ခွင့်ဥပဒေမရှိသောနိုင်ငံဟူ၍ ရှိပင်မရှိတော့ဟုဆိုကြပြီး ထိရောက်စွာအကောင်အထည်ဖော်မှု၊ မဖော်မှုသာ ကွာခြားကြပေသည်။ မူပိုင်ခွင့်ဥပဒေသည် ခေတ်မီနိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ် အင်္ဂါရပ်ပင် ဖြစ်ပါသည်။

အသိဉာဏ်ပစ္စည်း (Intellectual Property) ဆိုသည်မှာ လူ့အသိဉာဏ်၊ လူ့ဦးနှောက်မှ စဉ်းစားတွေးခေါ် ဆင်ခြင်တိုင်းထွာကာ အသိဉာဏ်ကွန့်မြူးပြီး စဉ်းစားဖော်ထုတ်အပ်သော ပစ္စည်းတစ်ရပ်ပင် ဖြစ်ပါသည်။ ထိုပစ္စည်းသည် လူ့အသိဉာဏ်၊ လူ့စိတ်ကူးစိတ်သန်း၊ စဉ်းစားတွေးခေါ်မှု၊ ဆင်ခြင်စဉ်းစားမှုတို့မှ မြစ်ဖျားခံခဲ့ပြီး အကောင်အထည်ဖော်လာခြင်းဖြစ်၍ လွယ်လွယ်ကူကူ ပြုလုပ်နိုင်သည့် ပစ္စည်းတစ်ရပ်မဟုတ်ပါ။ ယနေ့မြင်တွေ့နေရသော စာအုပ်စာပေ၊ ပန်းချီ၊ ပန်းပုစသည့် ပန်း ၁၀ မျိုး ဗိသုကာလက်ရာများ၊ အနုပညာရပ်များ၊ တီထွင်မှုများသည် လူသားတို့အတွက် တန်ဖိုးမဖြတ်နိုင်သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့် (IPR) များပင် ဖြစ်ပါသည်။

ခေတ်အဆက်ဆက် အပတ်တကုတ် ရေးသားပြုစုဆောင်ရွက်ခဲ့ကြသော စာပေပညာရှင်ကြီးများ၊ ပန်းချီ၊ ပန်းပုစသည့် ပညာရှင်ကြီးများ၏ လက်ရာများသည် လူ့လောကကို အလှဆင်ခဲ့ကြ၍ တန်ဖိုးမဖြတ်နိုင်သည့် ရတနာများပင် ဖြစ်ပေသည်။ ထိုနည်းတူ ဆန်းသစ်တီထွင်ခဲ့ကြသော ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်ကြီးများ၏ အကျိုးကျေးဇူးမှာ ဖော်မပြနိုင်လောက်အောင်ပင် လူသားတို့အား အကျိုးပြုခဲ့ကြသဖြင့် ၎င်းတို့၏ ကျေးဇူးမှာ ကြီးမားလှပါသည်။ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်မှစ၍ တီထွင်ခဲ့ကြသူ၊ ကြိုးပမ်းခဲ့ကြသူများမှာ မရေမတွက်နိုင်အောင် များပြားလှပါသည်။

သမိုင်းဦးခေတ်က စက်ဝိုင်းဘီး တီထွင်ခဲ့ကြ၍ ရွှေ့ပြောင်းလွယ်ခြင်း၊ ကုတ်ကိုထွင်ခဲ့၍ ဝန်ချီစက်များ နောင်တွင် ပေါ်ပေါက်လာပြီး လေးလံသောပစ္စည်းများကို မ, တင်နိုင်ခြင်း၊ စက္ကူတီထွင်ခဲ့၍ စာပေရေးသားရခြင်း စသည်စက်ဖြင့် နောက်ဆုံးအဆင့်မြင့် နည်းပညာများ တီထွင်လာခဲ့၍ တီထွင်မှုများ (Patents) ကို ပိုင်ဆိုင်အသုံးပြုခွင့်များ၊ မူပိုင်ခွင့် (Copyrights) ရရှိရန်မှာ အရေးပါလှကြောင်း ထင်ရှားလာပေသည်။ လူသုံးကုန်ပစ္စည်းများ တွင်ကျယ်စွာထုတ်လုပ်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းတွင် ကိုယ်ပိုင် ကုန်ပစ္စည်းများကို သူတစ်ပါး၏ ကုန်စည်ပစ္စည်းနှင့်ကွဲပြား၍ ကုန်အမှတ်တံဆိပ် (Trademark) များကို သီးခြားလွတ်လပ်စွာ အသုံးပြုနိုင်ရေးနှင့် အကာအကွယ်ပေးရန်မှာ ယနေ့ကမ္ဘာ့ကုန်သွယ်ရေးလောကတွင် အထူးလိုအပ်လျက်ရှိပါသည်။

ထို့ကြောင့် လူသားတို့၏ အသိဉာဏ် ပစ္စည်းများကို အကာအကွယ်ပေးရန် နိုင်ငံတကာ ကွန်ဗင်းရှင်းစာချုပ် အများအပြား ချုပ်ဆိုနေကြခြင်း ဖြစ်ပါသည်။ စာပေ အနုပညာလက်ရာများ (Copyrights) နှင့် တီထွင်မှုဆိုင်ရာ ပစ္စည်းများကို အတုပြုလုပ်ရောင်းချနေသူများ၏ အန္တရာယ်မှာ မသေးလှချေ။ လူသုံးကုန်ပစ္စည်းများ၊ ရုပ်ရှင်၊ ဗီဒီယို၊ တိပ်ခွေသီချင်းများ မှောင်ခိုရောင်းချနေမှုများကို ကျွန်ုပ်တို့ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့်လည်း နိုင်ငံတကာ ကုန်သွယ်ကူးသန်းရောင်းဝယ်မှု၊ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဖွံ့ဖြိုးစေရန်နှင့် အလုပ်အကိုင်များ ပိုမိုရရှိလာစေရေးတို့အတွက် အကျိုးပြုနိုင်မည့် ပြည်တွင်း၊ ပြည်ပ အသိဉာဏ်ပစ္စည်းများ ကာကွယ်ရေး (Intellectual Property Rights) ကို အထူးဂရုပြု ကာကွယ်ပေးကြရမည် ဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီး ၁၄–၄–၁၉၄၈နေ့တွင် ၁၉၄၅ခုနှစ်က ပေါ်ပေါက်ခဲ့သော ကုလသမဂ္ဂအဖွဲ့ကြီး (UN)၏ (၅၈)နိုင်ငံမြောက် အဖွဲ့ဝင် ဖြစ်လာခဲ့ပါသည်။ ကုလသမဂ္ဂအဖွဲ့ကြီး၏ လက်အောက်တွင် ၁၉၄၇ခုနှစ်က ပေါ်ပေါက်ခဲ့သော ကမ္ဘာ့ကုန်သွယ်ရေးနှင့် အခွန်အတုတ်များ ဆိုင်ရာ အထွေထွေသဘောတူညီချက် (General Agreement On Tariffs and Trade) (GATT) တစ်ရပ်ရှိခဲ့ရာ ယင်းသဘောတူညီချက်ကို မြန်မာနိုင်ငံကလည်း ၂၉–၆–၁၉၄၈နေ့တွင် ပါဝင် လက်မှတ်ရေးထိုးခဲ့ပါသည်။ GATT ကို ခေတ်နှင့်အညီ ပြင်ဆင်ရန် နှစ်ပေါင်းများစွာ ဆွေးနွေးခဲ့ပြီးနောက် မော်ရိုကိုနိုင်ငံ မာရာကတ်ရှ်မြို့တွင် ပြုလုပ်သော အစည်းအဝေးတွင် သဘောတူညီချက် ချမှတ်နိုင်ခဲ့သဖြင့် ၁၅–၄–၁၉၉၄ တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး (World Trade Organization) (WTO) ကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။ (WTO Agreement) စတင် သက်ဝင်လှုပ်ရှားခဲ့သော ၁–၁–၁၉၉၅တွင် မြန်မာနိုင်ငံသည် မူလအဖွဲ့ဝင်နိုင်ငံ ဖြစ်ခဲ့ပါသည်။

WTO တွင် GATT လက်ထက်က ချုပ်ဆိုခဲ့ကြသော ကုန်သွယ်ရေးစာချုပ်များ အပါအဝင်ဖြစ်သည်။ ၁၉၉၄ ခုနှစ်က ချုပ်ဆိုကြသော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်များဆိုင်ရာ ကုန်သွယ်ရေး သဘောထား သဘောတူ စာချုပ်ကြီး [Agreement On Trade Related Aspects of Intellectual Property Rights (TRIPS Agreement)]သည်လည်း နောက်ဆက်တွဲအဖြစ် ပါရှိခဲ့ပါသည်။ ယင်းသည် နှစ်ပေါင်းများစွာက ရှိနှင့်နေခဲ့သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်များဆိုင်ရာနှင့် ကုန်သွယ်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်များမှ သင့်လျော်ရာ ပြဋ္ဌာန်းချက်များကို ကောက်နုတ် စုစည်း ဖြည့်စွက်ထားခြင်းဖြစ်ရာ နိုင်ငံတကာ ကုန်သွယ်ရေးအတွက် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ကမ္ဘာ့စံများ၊ စာချုပ်များပင် ဖြစ်ပါသည်။ ယင်းစာချုပ်များမှာ–

(က) Rome Convention(1961)(ဖျော်ဖြေသူများ၊ အသံသွင်း ထုတ်လုပ်သူများ၊ အသံလွှင့်လုပ်ငန်းများဆိုင်ရာ)

(ခ) Paris Convention (1967) (စက်မှုလက်မှု ပစ္စည်းများဆိုင်ရာ)

(ဂ) Berne Convention (1971) (စာပေအနုပညာ မူပိုင်ခွင့်ဆိုင်ရာ)

(ဃ) IPIC Treaty (1980) (လျှပ်စီးပတ်လမ်းကြောင်းဆိုင်ရာ) (The Treaty on IP in Respect of Integrated Circuits)

(င) GATT(1994)(ကုန်သွယ်ရေးနှင့် အခွန်အတုတ်ဆိုင်ရာ)

(စ) WTO Dispute Settlement Understanding(1994) (ကုန်သွယ်ရေး၊ အငြင်းပွားမှုဖြေရှင်းရေး)တို့ ဖြစ်ကြပါသည်။

WTO ၏ ထူးခြားချက်မှာ အဖွဲ့ဝင်နိုင်ငံများသည် WTO Agreement, Article II, z အရ TRIPS ကို အလိုအလျောက် လိုက်နာရမည်ဖြစ်ကြောင်း သတ်မှတ်ထားရာ အဆိုပါ စာချုပ်တစ်ခုချင်းဆီသို့ မဝင်ရသေးသော WTO နိုင်ငံတစ်နိုင်ငံသည် TRIPS ပါ စာချုပ်တစ်ခုချင်းမှ ပတ်သက်သမျှသော ပြဋ္ဌာန်းချက်များကို လိုက်နာရမည် ဖြစ်ပါသည်။ ဥပမာ မြန်မာနိုင်ငံသည် မည်သည့်စာချုပ်ကိုမျှ ဝင်ရောက်ထားခြင်း မရှိသေးသော်လည်း TRIPS ပါ ယင်းစာချုပ်များမှ သက်ဆိုင်ရာ စာချုပ်များကိုမူ လိုက်နာရမည် ဖြစ်သည်။ စာချုပ်တစ်ခုချင်းတွင် အခြားပြဋ္ဌာန်းချက်များ ရှိသေးရာ တစ်နိုင်ငံချင်းအလိုက် ဝင်ရေး၊ မဝင်ရေးကို လွတ်လပ်စွာ ဆုံးဖြတ်ခွင့်ရှိပေသည်။ TRIPS တွင် Copyrights, Trademarks, Patents စသည်ဖြင့် အသိဉာဏ်ပစ္စည်းကဏ္ဍကြီး ခုနစ်ရပ်နှင့် ကုန်သွယ်ရေး၊ အငြင်းပွားမှု ဖြေရှင်းရေးကဏ္ဍတို့ကို သီးခြားပြဋ္ဌာန်းထားလေသည်။

အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်နှင့် ပတ်သက်၍ ကမ္ဘာ့အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံး (World Intellectual Property Organization - WIPO) အဖွဲ့ကြီးသည် လှုပ်ရှားမှုရှိပြီး အရေးပါဆုံးဖြစ်ပေသည်။ ယင်းအဖွဲ့ကြီးသည် ၁၈၉၃ခုနှစ်က ပေါ်ပေါက်ခဲ့သော BIRPI အဖွဲ့ (United International Bureaux for The Protection of Intellectual Property) ကို ၁၉၇၀ ပြည့်နှစ်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။ WIPO သည် နိုင်ငံတကာ မူပိုင်ခွင့် သဘောတူစာချုပ်များကို ကမကထပြု၍ ရေးဆွဲခဲ့သည့်အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် သက်ဆိုင်ရာ IP အမျိုးအစားအလိုက် နမူနာဥပဒေများ (Model Laws) ကိုလည်း ရေးဆွဲပေးခဲ့ရာ မူပိုင်ခွင့်ရေးရာ သဘောတရားများ ဖွံ့ဖြိုးတိုးတက်ရေးကို အထိရောက်ဆုံး အားပေးခဲ့သော အဖွဲ့ကြီးပင်ဖြစ်သည်။ WIPO သည် ၁၉၇၄ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ကြီး၏ လက်အောက်ခံ အဖွဲ့အစည်းတစ်ရပ် ဖြစ်လာခဲ့သည်။မြန်မာနိုင်ငံသည် WIPOသို့ ၁၅–၅–၂၀၀၁တွင် ဝင်ရောက်ခဲ့သည်။ WIPO သည် မြန်မာနိုင်ငံ၏ ဥပဒေသစ်များ ရေးဆွဲရာတွင် များစွာအကူအညီပေးလျက်ရှိပြီး ကျွမ်းကျင်သူများကိုယ်တိုင် လာရောက်၍ ဆွေးနွေးအကြံပေးမှုများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးခဲ့ပါသည်။ ကုလသမဂ္ဂလက်အောက်ခံ WTO နှင့် WIPO တို့သည် ၂၂–၁၂–၁၉၉၅ တွင် သဘောတူညီချက်တစ်ရပ်ကို (WTO - WIPO Agreement 1995) ကို ချမှတ်ခဲ့ကြသည်။ ရည်ရွယ်ချက်မှာ ကုန်သွယ်ရေး၊ ဥပဒေရေး၊ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရေးရာတို့တွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက် အကူအညီပေးရန် ဖြစ်ပေသည်။ TRIPS သည် WTO နှင့် WIPO ဝင်နိုင်ငံများ အားလုံးအတွက် မူပိုင်ခွင့်ရေးရာ စံအဖြစ် ပိုမိုအသိအမှတ်ပြု ခံလာရပါသည်။

TRIPS တွင် မူပိုင်ခွင့်ပြဋ္ဌာန်းချက်များကို လိုက်နာရန် နိုင်ငံအသီးသီး၏ အခြေအနေအလိုက် ကာလအကန့်အသတ်များ ခွဲခြားသတ်မှတ်ပေးထားပါသည်။ မြန်မာနိုင်ငံသည် WTO အဖွဲ့ဝင်ဖြစ်သော ၁–၁–၁၉၉၅ ရက်နေ့မှ သာမန် ဆိုင်းငံ့ကာလ တစ်နှစ်အပြင် နောက်ထပ် ၁၇နှစ်ခွဲ ခွင့်ပြုထားသဖြင့် TRIPS ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန် ၁–၇–၂၀၁၃ ရက်နေ့အထိ ပြင်ဆင်ချိန်ရရှိပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

အခြေခံပညာအထက်တန်းအဆင့်ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းဆင်း တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၂၈

၂၀၀၆–၂၀၀၇ခုနှစ်ရှမ်းပြည်နယ်(တောင်ပိုင်း) အခြေခံပညာအထက်တန်းအဆင့် ဓာတုဗေဒ၊ ဇီဝဗေဒနှင့် ဘောဂဗေဒ ဘာသာပြ ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းဆင်းပွဲကို မေ ၂၅ ရက် နံနက် ၉ နာရီက တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သောင်းအေး တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ တောင်ကြီးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ ကထိက၊ လက်ထောက်ကထိကနှင့် နည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တောင်ကြီးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်မူမူမြင့်က သင်တန်းဆိုင်ရာများ ရှင်းလင်းပြောကြားပြီး တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက သင်တန်းထူးချွန်ဆုရသူများအားလည်းကောင်း၊ ဒုတိယပါမောက္ခချုပ်က သင်တန်းဆင်း လက်မှတ်များကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

အဆိုပါ မွမ်းမံသင်တန်းကို မတ် ၈ ရက်မှ မေ ၂၅ရက်အထိ ဖွင့်လှစ်ခဲ့ရာစုစုပေါင်းဆရာ၊ ဆရာမ ၂၇၅ ဦး တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက် ကံ့ကော်မြိုင်သာသနာ့ရိပ်သာ စာသင်တိုက်၌ ပစ္စည်းလေးပါးထောက်ပံ့ရေးဝေယျာဝစ္စအဖွဲ့မှ အလှူငွေပေးအပ်ပွဲကို မေ ၂၆ရက်ကပြုလုပ်ရာ ပစ္စည်းလေးပါး ထောက်ပံ့ရေးဝေယျာဝစ္စအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆွေနှင့် သီရိသုမင်္ဂလာဘွဲ့ရ ဒေါ်မြရှင်မိသားစုက စာသင်တိုက် ပဓာနနာယက ဘဒ္ဒန္တသာသန ဆရာတော်ထံ နဝကမ္မ အလှူငွေအတွက် လှူဒါန်းငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ ပစ္စည်းလေးပါး ထောက်ပံ့ရေးဝေယျာဝစ္စအဖွဲ့ နာယက ဦးသန်းတင် လက်ခံရယူစဉ်။ (၂၃)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး မွှာရုံဖြတ်လမ်းနေ ဒေါက်တာအေးသွင်(ခေတ္တ–မလေးရှား)မိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို တွဲဖက်အတွင်းရေးမှူး ဦးစိုးနိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လက်ခံယူ

လန်ဒန်မြို့ မိုးကုတ် ဝိပဿနာကျောင်းတော်ကြီး ဖြစ်မြောက် ရေးကော်မတီ(ရွှေဂိုရတနာ မွှာရုံ၊ ၉၈၊ ရွှေဘုံသာလမ်း၊ပန်းဘဲတန်းမြို့နယ်) သို့ ကွယ်လွန်သူရတနာကျော်သည် ဦးကျော်မြအား ရည်စူး၍ မြောင်းမြမြို့ ဦးဘချိုလမ်း မြဂေဟာနေ ဒေါ်ကျင်မြိုင် သားသမီးမြေးတစ်စုက ငွေကျပ် ၁၀၀၀၀၀ကိုလှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံရယူစဉ်။ (က–ပ)

ရန်ကုန်မြို့ လသာမြို့နယ် လသာလမ်းနေ မိဘနှစ်ပါးနှင့် အစ်မကြီးအား ရည်စူး၍ ဒေါ်လှတင့်က ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း (ငြိမ်း) ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ဆောင်ရွက်

၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် မင်းကင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေး ရိပ်သာ ရှေ့မြေခင်းအလှ ပြင်ဆင်ခြင်းအား အမှုဆောင်အရာရှိ ဦးကျော်ထင်မောင်နှင့်အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

❍ **စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

ၾင်းအပြင် မြန်မာနိုင်ငံသည် ၁၉၆၇ခုနှစ်က စတင် ဖွဲ့စည်းခဲ့သော ASEAN သို့ ၂၃–၇–၁၉၉၇ ရက်နေ့တွင် ဝင်ရောက်ခဲ့ပြီး အာဆီယံအသင်းတွင် ကုန်သွယ်ရေး၊ စီးပွားရေး၊ အခွန်အတုတ်၊ ပညာရေး၊ ယဉ်ကျေးမှု စသည်ဖြင့် သဘောတူစာချုပ်များစွာရှိရာ ယင်းတို့အနက် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး မူဘောင် သဘောတူညီချက် (ASEAN Frame Work Agreement on Intellectual Property Cooperation)လည်း ပါရှိပါသည်။ ယင်းသဘောတူစာချုပ်ကို အဖွဲ့ဝင်နိုင်ငံအားလုံးက လိုက်နာ အကောင်အထည်ဖော်ရန် တာဝန်ရှိပြီး စာချုပ်တွင် မူပိုင်ခွင့်ရေးရာများနှင့် ပတ်သက်၍ TRIPS စာချုပ်ကိုပင် မူပိုင်အဖြစ် ရည်ညွှန်းထားပါသည်။

ASEAN အသင်းကြီးသည် မူပိုင်ခွင့်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် လုပ်ငန်းဆောင်တာအဖွဲ့များ ASEAN Working Group of IP Cooperation (AWGIPC) ကို ဖွဲ့စည်းထားသည့်အပြင် ၁၉၉၈ ခုနှစ်က ဟနွိုင်းလုပ်ငန်းစဉ် (Hanoi Plan of Action) ကိုလည်းချမှတ်ခဲ့ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံကဲ့သို့ WTO, WIPO နှင့် ASEAN အဖွဲ့များသို့ ဝင်ရောက်ပြီး နိုင်ငံတစ်နိုင်ငံ အတွက် မူပိုင်ခွင့်ရေးရာများကို TRIPS သဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာကျင့်သုံးရန်ဖြစ်ပါသည်။

တင်ပြပါ Patents ခေါ် တီထွင်မှုမူပိုင်ခွင့်သည် နည်းပညာနှင့် စက်မှုပစ္စည်းကိရိယာ တီထွင်မှုကို ကာကွယ်ပေးပြီး ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် (Trademarks) သည် ကုန်အမှတ်တံဆိပ်များနှင့် ကုမ္ပဏီလုပ်ငန်း၏ အမှတ်အသား တံဆိပ်များကို အကာအကွယ်ပေး၍ Industrial Designs ဒီဇိုင်းမူပိုင်ခွင့်ဖြင့် ကုန်ပစ္စည်းဒီဇိုင်းပုံစံများကို အကာအကွယ်ပေးပါသည်။ ထိုအခွင့်အရေးများကို တစုတပေါင်းတည်းဖြင့် Industrial Property Rights (စက်မှုပစ္စည်းဆိုင်ရာ အခွင့်အရေးများ)ဟု တစ်ခါတစ်ရံ ခေါ်ဝေါ်သုံးနှုန်းကြပါသည်။

လူ့ယဉ်ကျေးမှုတိုးတက်ရေးကို အထောက်အကူပြုသော ကုန်ပစ္စည်းများကို ဖန်တီးထုတ်လုပ်ရာတွင် စိတ်ကူးစိတ်သန်းနှင့် လက်တွေ့အားထုတ်မှုများဖြင့် များစွာ ကြိုးဆထုတ်လုပ်ရသဖြင့် ထိုကိစ္စများကို ကာကွယ်စောင့်ရှောက်ပေးသော တရားဥပဒေဆိုင်ရာ အခွင့်အရေးများကို တစ်ပေါင်းတည်းအားဖြင့် "အသိဉာဏ်ပစ္စည်းဆိုင်ရာ အခွင့်အရေးများ" (Intellectual Property Rights)ဟု ယေဘုယျ သုံးနှုန်းကြပါသည်။

စာပေအနုပညာမူပိုင်ခွင့် (Copyrights) သမိုင်းနှင့် ပတ်သက်၍ ရှေးစာပေအရေးအသား ပေါ်ပေါက်ခဲ့ပြီး ကျောက်သားပြင်ပေါ်၊ အင်္ဂတေနံရံများပေါ်တွင် ရေးခဲ့ကြသည့် စာ၊ ဝတ္ထု၊ ကဗျာ၊ သီချင်းများကို ပေပုရပိုက်ပေါ်တွင် ကူးယူရေးသားခဲ့ကြသည် ဖြစ်၍ မိတ္တူများစွာ ကူးယူဖြန့်ချိရန်မှာ ခက်ခဲခဲ့ပေသည်။ ရေးသားခဲ့သူများမှာလည်း ဝင်ငွေရရန် ရည်ရွယ်ပြီး ရေးခဲ့ကြခြင်းမဟုတ်ဘဲ ဝါသနာဗီဇအရ လည်းကောင်း၊ ရှင်ဘုရင်များ၏ ဆုတော်လာဘ်တော် ပေးသနားခံရရန်လည်းကောင်း ရေးသားခဲ့ကြခြင်း ဖြစ်ပါသည်။ ၁၅ရာစုတွင် ပုံနှိပ်စက်များ ပေါ်ပေါက်လာပြီး နည်းပညာအဆင့်ဆင့် တိုးတက်လာသည်နှင့်အမျှ စာအုပ်စာတမ်းများ စောင်ရေများစွာ ဖြန့်ချိခဲ့ကြပါသည်။ စာအုပ်ထုတ်ဝေရေးသည် အကျိုးအမြတ် ရရှိသော ဝင်ငွေကောင်းသည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်လာခဲ့ပါသည်။ ထိုအခါ စာပေအနုပညာ ဖန်တီးသူနှင့် ပုံနှိပ်ထုတ်ဝေသူအကြား အကျိုးအမြတ်ခွဲဝေမှု၊ အငြင်းပွားမှုများ ဖြစ်ပေါ်လာကြသည်။ အနုပညာသမားနှင့် စီးပွားရေးသမားများကြား အကျိုးခံစားခွင့်မျှတစေရန် စာပေအနုပညာသမားများ၏ အခွင့်အရေးကို ကာကွယ်ရန်အတွက် Copyrights Law ကို ပြဋ္ဌာန်းပေးခဲ့ကြရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် မူပိုင်ခွင့်ကို ဓလေ့ထုံးတမ်းအရ ရရှိသောအခွင့်အရေး မဟုတ်ဘဲ ဥပဒေပြဋ္ဌာန်းချက်အရ ရရှိသောအခွင့်အရေး (Statutory rights)ဟု ပြောဆိုလေ့ ရှိကြပါသည်။ ကမ္ဘာတွင် အစောဆုံး မူပိုင်ခွင့်ဥပဒေအဖြစ် အသိအမှတ်ပြုထားခံရသည့်ဥပဒေမှာ UKနိုင်ငံတွင် ၁၇၀၉ခုနှစ်က ပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်ပြီး "အန်းဘုရင်မ"၏ ဥပဒေ (Statue of Ann)ဟု ခေါ်ခဲ့ကြပါသည်။ ၁၈၁၄၊ ၁၈၄၂၊ ၁၉၁၁နှင့် ၁၉၅၆ ခုနှစ်တွင် မူပိုင်ခွင့် ဥပဒေများကို အစားထိုးပြဋ္ဌာန်းခဲ့ပြီး ၁၉၈၈ခုနှစ်တွင် စက်မှုဒီဇိုင်းများနှင့် တီထွင်မှုများအား အကာအကွယ်ပေးသော The Copyright, Designs နှင့် Patents Act 1988 ကို ပြဋ္ဌာန်းခဲ့ပါသည်။ အင်္ဂလိပ်ကိုလိုနီဖြစ်ခဲ့ပြီး အင်္ဂလိပ်ဥပဒေစနစ်ကို ဆက်ခံထားသော အမေရိကန်နိုင်ငံတွင် မူပိုင်ခွင့်ဥပဒေကို ၁၇၉၀ပြည့်နှစ်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး အင်္ဂလိပ်မူပိုင်ခွင့် ဥပဒေ၏ အခြေခံမှုများကို ရယူပြဋ္ဌာန်းခဲ့ပါသည်။ အမေရိကန်မူပိုင်ခွင့်ဥပဒေသစ်ကို ၁၉၀၉တွင် ထပ်မံပြဋ္ဌာန်းခဲ့ပြီး ယနေ့တည်ဆဲ အမေရိကန်မူပိုင်ခွင့်ဥပဒေကို ၁၉၇၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။

ဥရောပတိုက်တွင် မူပိုင်ခွင့်ကိစ္စမှာ ပြင်သစ်နိုင်ငံက ဦးဆောင်ခဲ့သည်ဟု ဆိုကြပြီး ၁၇၉၁နှင့် ၁၇၉၃ခုနှစ်များအတွင်း စတင်ခဲ့ပါသည်။ လက်ရှိ မြန်မာနိုင်ငံ မူပိုင်ခွင့်အက်ဥပဒေ (The Myanmar Copyrights Act)သည် ၁၉၁၄ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်နေ့မှာ စတင်အာဏာတည်ခဲ့ပြီး မူလကအိန္ဒိယဥပဒေဖြစ်ကာ ၁၉၁၄ ခုနှစ် အိန္ဒိယအက်ဥပဒေ အမှတ် ၃ အဖြစ် ပြဋ္ဌာန်းခဲ့ပါသည်။

ဖော်ပြခဲ့သော (The India Copyright Act, 1914) အပါအဝင် မြန်မာနိုင်ငံနှင့် သက်ဆိုင်သော အိန္ဒိယအက်ဥပဒေများသည် ၁၉၄၈ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် The Union of Burma (Adaptation of Laws) Order.1948ခုနှစ်တို့အရ လွတ်လပ်သောပြည်ထောင်စုမြန်မာနိုင်ငံ၏ ဥပဒေများအဖြစ် ယနေ့တိုင် ဆက်လက်အာဏာတည်ခဲ့ပါသည်။ သို့သော် UKနိုင်ငံနှင့် India နိုင်ငံများတွင် မြန်မာမူပိုင်ခွင့်ဥပဒေ၏ ဇာစ်မြစ်ဖြစ်သော ၁၉၁၁ခုနှစ် အင်္ဂလိပ်မူပိုင်ခွင့် ဥပဒေကို ပြဋ္ဌာန်းသည့်အချိန်က UKနိုင်ငံသည် (ဘန်း) Berne Convention အဖွဲ့ဝင်နိုင်ငံ ဖြစ်နေပေပြီ။ Berne Convention ၏အရှည်မှာ "Berne Convention for the protection of Literary and Artistic works" ဖြစ်ပြီး **"စာပေအနုပညာ လက်ရာများကို အကာအကွယ်ပေးရေးဆိုင်ရာ ဘန်းကွန်ဗင်းရှင်း"** ဖြစ်ပါသည်။ ဆွစ်ဇာလန်နိုင်ငံ၏ မြို့တော် Berne (Bern)မှာ စတင်ချုပ်ဆိုခဲ့သော အပြည်ပြည်ဆိုင်ရာ စာချုပ်ဖြစ်ပါသည်။ ၁၉၀၈ခုနှစ်တွင် ဘာလင်မြို့၌ ပထမဆုံး ပြင်ဆင်ခဲ့သော အထက်ပါ ၁၉၁၁ခုနှစ် အင်္ဂလိပ်ဥပဒေသည် မြန်မာနိုင်ငံနှင့် ဆက်နွှယ်နေမှုကို ဖော်ပြခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် ၂၀၁၃ခုနှစ် ဇူလိုင်လ ၁ရက်နေ့အထိ ပြင်ဆင်ချိန်ရရှိထားပါသည်။ ထို့ကြောင့် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ဖြစ်သော **"မူပိုင်ခွင့်ဥပဒေ"**များ ပေါ်ပေါက်ရေးအတွက် ဤဆောင်းပါးဖြင့် ကြိုဆိုရေးသားလိုက်ရပါသည်။ ။

* ရှေ့ဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ချင်းပြည်နယ် ရဲတပ်ဖွဲ့ လက်ဖက်စိုက်ခင်း၌ လက်ဖက်ရွက်ခူးနေမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းကြည်က လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။ အဆိုပါ ချင်းပြည်နယ်ရဲတပ်ဖွဲ့ စိုက်ပျိုးဧက ငါးဧက၌ လက်ဖက် အပင် ၁၈၀၀၀ စိုက်ပျိုးထားပြီး၊ နှစ်ရှည်ပင် ထောပတ်အပင် ၈၀၊ သစ်အယ်အပင် ၁၈၀ နှင့် ဒညင်းအပင် ၅၀ စိုက်ပျိုးထားကြောင်း သိရှိရသည်။

အရှိန်အဟုန်ဖြင့် တိုးချဲ့စိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရန်းတောင် လက်ဖက်စိုက်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် ဒေသ၏ မြေအနေအထားနှင့် တောတောင်သဘာဝ ရာသီဥတု အခြေအနေများအရ လက်ဖက်ပင် စိုက်ပျိုးရန် အသင့်တော်ဆုံးဖြစ်ကြောင်း၊ လက်ဖက်ကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးခြင်းဖြင့် ဒေသ၏ စီးပွားရေးကဏ္ဍ တိုးတက်မြင့်မားလာမည်ဖြစ်၍ လက်ဖက်ကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက တောင်ကုန်းတောင်စောင်း၊ မြေလွတ်မြေလပ်များနှင့် မိမိတို့ရုံးဌာန နေအိမ်ပတ်ဝန်းကျင်များပါမကျန် အရှိန်အဟုန်ဖြင့် တိုးချဲ့စိုက်ပျိုးကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ရပ်မိရပ်ဖများသည် လက်ဖက်ပျိုးပင်များကို သတ်မှတ်နေရာများတွင် တစ်ပြိုင်တည်း စိုက်ပျိုးပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ခွာရုံ မြို့ဟောင်းရပ်ကွက် ခွာရုံကျောင်းသို့သွားရောက်၍ ပြည်နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍဝထံ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ကျောင်းသားများအတွက် အဝတ်အထည်များကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူများနှင့် ကျောင်းသားများက ကြိုဆိုကြသည်။ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်းသား အိပ်ဆောင်ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်း ရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကျောင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ပြည့်စုံမှုရှိအောင် စေတနာထားကာ ဆောင်ရွက်ကြရန်နှင့် ကျောင်းသားများအားလည်း ပညာကို ကြိုးစားသင်ယူကြရန် မှာကြားသည်။ အဆိုပါ သင်တန်းကျောင်းတွင် စတုတ္ထတန်းမှ ဒသမတန်းအထိ သင်တန်းသား ချင်းတိုင်းရင်းသားလူငယ် ၅၄ ဦးတို့ တက်ရောက် ပညာသင်ကြားလျက်ရှိပြီး နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၏ နှစ်ဧကစိုက်ခင်းတွင် လက်ဖက်အပင် ၇၃၀၀၊ ထောပတ် ၁၅ ပင်၊ သစ်အယ်အပင် ၄၀၊ ဆပ်ချိုမှာ ၁၅ ပင်နှင့် သစ်တော့ ၃၅ ပင် စိုက်ပျိုးထားကြောင်း သိရှိရသည်။

အဓိကတိုးချဲ့စိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဌာနပေါင်းစုံ လက်ဖက်စိုက်ခင်းသို့ သွားရောက်၍ ကျန်းမာရေးဦးစီးဌာန၏ မြေငါးဧက ၁၈၁၅၀ ပင် လက်ဖက်စိုက်ခင်းသို့လည်းကောင်း၊ စာရင်းစစ်ရုံး၏ မြေငါးဧက ၁၈၁၅၀ ပင် လက်ဖက်စိုက်ခင်းကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား အခြားသီးနှံများအစား လက်ဖက်ကို အဓိကတိုးချဲ့ စိုက်ပျိုးရန်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ အင်ကျလိုကွင်း ရှင်းလင်းဆောင်သို့ရောက်ရှိကြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးသိန်းဇော်က အင်ကျလိုကွင်း လက်ဖက်စိုက်ပျိုးမှု၊ ဟားခါးမြို့နယ် အုပ်စုအလိုက် လက်ဖက်စိုက်ပျိုးမှု အခြေအနေနှင့် ချင်းပြည်နယ် ၂၀၀၆-၂၀၀၇ ခုနှစ်ထိ ခရိုင်/မြို့နယ်အလိုက် လက်ဖက်စိုက်ပျိုးပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဧက ၁၀ အပင် ၃၆၃၃၀ လက်ဖက် စိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လက်ဖက် တိုးချဲ့စိုက်ပျိုးရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ချင်းပြည်နယ် ဟားခါးမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဦးအောင်စည်သူနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း TV ဓာတ်မှန်ခန်း၊ စရိတ်မျှပေး ကျန်းမာရေး ဆေးဆိုင်၊ ဓာတ်မှန်ရိုက်ခန်း၊ သွားနှင့် ခံတွင်းကုသဌာနတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဦးအောင်စည်သူက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးငွန်ဆန်းအောင်က ခုတင် (၂၀၀) ဆံ့ဆေးရုံ ပင်မအဆောက်အအုံ ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဟားခါးမြို့နယ် လက်ဖက်စိုက်ခင်း၌ လက်ဖက်ရွက် ခူးနေမှုကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဦးအောင်စည်သူက ဆေးရုံနှင့်စပ်လျဉ်းသည်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပြည်နယ်ပြည်သူ့ဆေးရုံ ကုသဆောင်သို့ ရောက်ရှိကြပြီး ခွဲစိတ်ခန်းသို့လည်းကောင်း အထူးကြပ်မတ်ကုသခန်းသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဆရာဝန်ကြီး ဒေါက်တာဦးအောင်စည်သူက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံ နှစ်ထပ်အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်မီ ပြီးစီးရေး မှာကြားသည်။

အဆိုပါ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံ နှစ်ထပ်အဆောက်အအုံကို ပြည်သူ့ဆေးရုံ ပင်မလူနာဆောင် အဆောက်အအုံမှာ သံကူကွန်ကရစ် အဆောက်အအုံ အမျိုးအစားဖြစ်ပြီး အလျား ပေ ၂၀၀၊ အနံပေ ၆၀၊ အမြင့် ၃၄ ပေရှိ ပင်မလူနာဆောင်နှင့် အလျားပေ ၁၀၀၊ အနံ ၅၆ ပေ၊ အမြင့် ၃၄ ပေရှိ ခွဲစိတ်ဆောင်တို့ ပါဝင်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါး- ထန်တလန်လမ်း သီးမစ်ကျေးရွာအနီး မိုင်တိုင်(၇/၀)သို့ ရောက်ရှိပြီး ရှုရပ်မှ လယ်မြေများတွင် နွေစပါးစိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်ထားမှုနှင့် တောင်ကုန်းတောင်စောင်းများတွင် လှေကားထစ်လယ်ယာ ဖော်ထုတ်နိုင်မည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ သီးမစ်ကျေးရွာ၌ ကျင်းပသည့် ရွှေရင်အေးစပါးပျိုးပွဲသို့ တက်ရောက်အားပေးသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပျိုးခင်းအတွင်း ရွှေရင်အေးမျိုးစပါးများ ကြဲပက်ပေးသည်။ ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်ငိုင်းနှင့် အဖွဲ့ဝင်များက ပျိုးခင်းအတွင်း ရွှေရင်အေးမျိုးစပါးများ ကြဲပက်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တောင်သူများအားတွေ့ဆုံ၍ ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများအား ကုန်းမြင့်လယ်ယာ ဖော်ထုတ်ရနိုင်မည့် နေရာအားလုံး ဖော်ထုတ်စိုက်ပျိုးရေး မှာကြားသည်။ အဆိုပါ သီးမစ်ကျေးရွာစိုက်ကွင်း၌ နွေစပါး ဧက ၅၀ စိုက်ပျိုးထားကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ ဈေးသစ်ရပ်ကွက်ရှိ ဦးငွေဌေးပိုင် မိုးဟိန်းမိသားစု လက်ဖက်စို၊ လက်ဖက်ခြောက်လုပ်ငန်းသို့ ရောက်ရှိကြပြီး လက်ဖက်စို၊ လက်ဖက်ခြောက် ပြုလုပ်ပုံ လုပ်ငန်းအဆင့်ဆင့်တို့ကို ကြည့်ရှုအားပေးသည်။

မှာကြားဖြည့်ဆည်းဆောင်ရွက်ပေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါး-မတူပီလမ်း မိုင်တိုင် (၄/၆)ရှိ ဦးရမ်ကျုံးပိုင် ၁၅မိုင် နွားနောက်မွေးမြူရေးစခန်းသို့ ရောက်ရှိရာ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဒေါက်တာသန်းထိုက်က ဟားခါးမြို့နယ် နွားနောက်မွေးမြူထားရှိနိုင်မှု အခြေအနေ၊ ချင်းပြည်နယ်၏ နွားနောက် တိုးပွားမှုနှင့် ဈေးကွက်ပို့ချမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နွားနောက်ခြံသို့ သွားရောက်ကြည့်ရှု၍ မျိုးကောင်းမျိုးသန့်များမွေးမြူရေး မှာကြားသည်။ ချင်းပြည်နယ် နွားနောက်မွေးမြူမှုမှာ ၂၀၀၆ ခုနှစ် ဧပြီလကုန်တွင် ၄၅၄၂၉ ကောင်ဖြစ်ပြီး၊ ၂၀၀၇ ခုနှစ် ဧပြီလကုန်အထိ ၄၈၁၉၉ ကောင်ရှိပြီး တိုးပွားကောင်ရေမှာ ၂၆၇၀ ကောင်ဖြစ်ကာ တိုးတက်မှုရာခိုင်နှုန်းမှာ ၅ ဒသမ ၈၈ ရာခိုင်နှုန်းဖြစ်သည်။ နွားနောက်မွေးမြူရေးစခန်း ခုနစ်ခုဖြင့် တိုးချဲ့မွေးမြူလျက်ရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင် (၂/၇)မိုင်အနီးရှိ မိုးဟိန်းမိသားစု လက်ဖက်ခြံသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ၎င်းစိုက်ကွင်းတွင် လက်ဖက်ခုနစ်ဧက အပင် ၂၅၀၀၀ စိုက်ပျိုးထားကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ ပြည်ဆောင်သာရပ်ကွက်ရှိ ဦးစိုင်းစ်ရပ် ရွှေမြို့တော် လက်ဖက်စို၊ လက်ဖက်ခြောက်လုပ်ငန်းသို့ ရောက်ရှိကြပြီး လက်ဖက်ပြုလုပ်ပုံ လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုအားပေးသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ မြို့မစာသင်တိုက်သို့ သွားရောက်ပြီး ဆရာတော် ဂန္ထဝါစကပဏ္ဍိတ မဟာဂန္ထဝါစကပဏ္ဍိတ ပရိယတ္တိ သာသနဟိတဓရ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ် ဘဒ္ဒန္တတေဇောသာရထံ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းပိုင် ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိကြပြီး အရောင်းဆိုင်အတွင်း ကြည့်ရှုစစ်ဆေးရာ ဆိုင်တာဝန်ခံ ဒေါ်ဘွေပဲန်ဇိန်က လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဝင်းအတွင်းရှိ လက်ဖက်ခြံသို့ ရောက်ရှိကြပြီး စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်မန်နေဂျာ ဦးဝင်းဆွေက လိုက်လံရှင်းလင်းပြသသည်။

အဆိုပါခြံတွင် လက်ဖက်သုံးဧက အပင် ၁၀၈၉၀ စိုက်ပျိုးထားကြောင်း သိရှိရသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာကြပြီး ဟားခါးမြို့၌ ညအိပ် ရပ်နားသည်။ ချင်းပြည်နယ်တွင် ခရိုင်နှင့် မြို့နယ်အလိုက် လက်ဖက်စိုက်ပျိုးပြီးစီးမှု အခြေအနေမှာ ၁၄၉၅၂ ဧကဖြစ်ပြီး ၂၀၀၇-၂၀၀၈ ခုနှစ်အတွင်း ခရိုင်၊ မြို့နယ်အလိုက် လက်ဖက်စိုက်ပျိုးရန် လျာထားချက်မှာ ဧက ၅၀၀၀ ဖြစ်ကာ၊ လက်ဖက်ဆွတ်ခူးနိုင်မှုနှင့် ထွက်ရှိမှုအခြေအနေမှာ လက်ဖက်စို ၁၆၅၄၇၆ ပိဿာဖြစ်သည်။ ၂၀၀၆-၂၀၀၇ ခုနှစ် ပျိုးထောင်ရန် လက်ဖက်မျိုးစေ့ စုဆောင်းရရှိမှုနှင့် ပျိုးထောင်ထားမှုမှာ ၄၇၆၅ တင်းဖြစ်ပြီး ၂၀၀၇-၂၀၀၈ ခုနှစ် စိုက်ပျိုးရန် ပျိုးထောင်ထားရှိမှု အခြေအနေမှာ ၈၆၄၈၉၀၅ ပင်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

သန်လျင် သာသနာ့ဗိမာန် တည်ဆောက်ရေး အလှူငွေ ပေးအပ်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၈

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၏ ကျက်သရေဆောင် "မဟာအတုလ သဒ္ဓမ္မရံသီ" သာသနာ့ဗိမာန်ကြီး တည်ဆောက်ရေး တတိယအကြိမ် အလှူတော်ငွေ ပေးအပ်ပွဲကို ဇွန် ၁၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် သာသနာ့ဗိမာန်ကြီး၌ ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ စေတနာရှင်၊ အလှူရှင်များအနေဖြင့် ရုံးအဖွဲ့(၁) ကျိုက်ခေါက်ဘုရားလမ်း၊ ရုံးအဖွဲ့(၂) နီလာမင်းရွှေဆိုင် (မြို့မဈေး-သန်လျင်) ဖုန်း- ၀၅၆-၂၁၀၀၄၊ ၀၅၆-၂၁၂၀၁၊ ၀၉၅၀-၁၅၀၂၁တို့ထံ အချိန်မီ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ် မိခင်နှင့်ကလေးအသင်းများအား ဂုဏ်ပြုညစာစားပွဲ တက်ရောက်ချီးမြှင့်

နေပြည်တော် မေ ၂၈

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မေ ၁၈ရက် ည ၇နာရီက အောင်မြေသာစံမြို့နယ် ၂၇လမ်း နှင့် ၆၄လမ်းထောင့်ရှိ Oriental House တွင်ကျင်းပသော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)မှ ချီးမြှင့်သော ၂၀၀၆ခုနှစ်အတွက် လှုပ်ရှားမှုထူးချွန် ပထမဆု၊ ပတ်ဝန်းကျင်ကျန်းမာရေး အထူးဆု၊ စာတမ်းဆု တတိယဆုရ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းအတွင်းရှိ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများအား ဂုဏ်ပြုညစာစားပွဲ အခမ်းအနား တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီး ဒေါ်မိုးသီတာ၊ တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်းနှင့် အဖွဲ့ဝင်များ၊ ဆေးရုံအုပ်ကြီးများ၊ ဆရာဝန်ကြီးများ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်နှင့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် သားဖွားခန်းများ ဆောက်လုပ်ရန် အတွက် ငွေကျပ်သိန်း ၅၀၀၊ ချို့တဲ့ ကလေးများ ပညာသင်စရိတ် ထောက်ပံ့ခြင်း ဆောင်ရွက်ရန် ငွေကျပ် သိန်း ၅၀၀ တို့ကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ် ခင်ဇော်က လှူဒါန်းရာ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက လက်ခံ ရယူသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို) မန္တလေးတိုင်းနယ်မြေတာဝန်ခံ အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ငွေကျပ်ငါးသိန်း၊ ဦးတင်မောင် – ဒေါ်နန်းလှစိန် (နန်းတော်ဆေးရုံ)မိသားစုက ငွေကျပ် သိန်း၃၀၊ ဦးရွှင်ချောက်(အေသုံးလုံး ဘိလပ်မြေ)က ငွေကျပ် သိန်း ၂၀၊ ဦးရန်အောင်–ဒေါ်ရင်ရွှေ(နယူးစတား စိန်ရွှေရတနာဆိုင်)မိသားစုက ငွေကျပ် ၁၀သိန်း၊ ဦးစိန်မြင့်–ဒေါ်စန်းကြူ (ဒုံးပျံဂျုံစက်)မိသားစုက ငွေကျပ် ၁၀သိန်း၊ ဦးအောင်ဝင်းခိုင်(မြန်မာဆင် ကုမ္ပဏီ)က ငွေကျပ်ငါးသိန်း၊ ဦးကျော် စိန် (ဂျေအယ်လ်စီကုမ္ပဏီ)က ငွေကျပ် ငါးသိန်းနှင့် ဈေးချိုတော် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းခွဲက ငွေကျပ် ငါးသိန်းတို့ကို လှူဒါန်းရာ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်း က လက်ခံရယူသည်။

ယနေ့ မန္တလေးတိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ် ရေးအဖွဲ့သို့လှူဒါန်းထားသော အလှူ ငွေများမှာ မန္တလေးတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ငွေကျပ် သိန်း ၁၀၀၀ နှင့် အခြား အလှူရှင်များမှ ငွေကျပ်သိန်း ၉၀၊ စုစု ပေါင်းငွေကျပ် သိန်း ၁၀၉၀ လှူဒါန်းခဲ့ ကြောင်း သိရသည်။

ထို့နောက် မန္တလေးတိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်း က တိုင်းမိခင်နှင့်ကလေး စောင့်ရှောက် ရေး ကြီးကြပ်ရေးအဖွဲ့မှ ၂၀၀၆ခုနှစ် လုပ်ငန်းထူးချွန်ဆု ဖွင့်ဖောက်ကြေညာ သည်။ ဆက်လက်၍ ဆုချီးမြှင့်ခြင်း အစီအစဉ်ကို ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ခရိုင်လှုပ်ရှားမှု ထူးချွန်ဆုရ မန္တလေးခရိုင် ပတ်ဝန်း ကျင် ကျန်းမာရေးလုပ်ငန်း ထူးချွန် ဆုရ အမရပူရမြို့နယ်၊ သားဖွားဆောင် ထူးချွန်ဆုရ ချမ်းအေးသာစံမြို့နယ်၊ အန္တရာယ်ရှိ ကိုယ်ဝန်ဆောင်မိခင် ညွှန်းပို့ခြင်းလုပ်ငန်း ထူးချွန်ဆုရ ချမ်းမြသာစည်မြို့နယ်နှင့် HIV ပိုး ရှိသော မိခင်မှ သန္ဓေသားသို့ HIV ပိုးကူးစက်ခြင်းမှ တားဆီးကာကွယ် ခြင်း(PMCT)လုပ်ငန်း ထူးချွန်ဆုရ မဟာအောင်မြေမြို့နယ်တို့အား ဆုများ ချီးမြှင့်ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက HIV/AIDS ဝေဒနာရှင် အိမ်တိုင်ရာရောက် ပြုစု ကုသစောင့်ရှောက်ခြင်းလုပ်ငန်း ထူးချွန် ဆုရ ပြည်ကြီးတံခွန်မြို့နယ်၊ ဆယ်အိမ် စုမှူး သင်တန်းဖွင့်လှစ်နိုင်မှု ထူးချွန် ဆုရ အမရပူရမြို့နယ်၊ စည်းရုံးရေး လုပ်ငန်း ထူးချွန်ဆုရ ချမ်းအေးသာစံ မြို့နယ်၊ မွေးရာပါ ချို့ယွင်းချက်ရှိသူ များအား ရှာဖွေခြင်းလုပ်ငန်း ထူးချွန် ဆုရ လယ်ဝေးမြို့နယ်နှင့် ကွင်းဆင်း ဆောင်ရွက်မှုလုပ်ငန်း ထူးချွန်ဆုရ မိုးကုတ်မြို့နယ်တို့အား ဆုများချီးမြှင့် ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံ ရယူကြသည်။

ချီးမြှင့်ပေးအပ်

ဆက်လက်၍ ကျေးရွာ အစာ အာဟာရဘဏ်လုပ်ငန်း ထူးချွန်ဆုရ ပြည်ကြီးတံခွန်မြို့နယ်၊ ပညာရေး လုပ်ငန်း ထူးချွန်ဆုရ အောင်မြေသာစံ မြို့နယ်၊ လူမှုရေးလုပ်ငန်း ထူးချွန်ဆုရ ချမ်းအေးသာစံမြို့နယ်၊ ထူးခြားဖြစ်စဉ် ဆောင်ရွက်မှုလုပ်ငန်း ထူးချွန်ဆုရ ကျောက်ဆည်မြို့နယ်နှင့် စာတမ်း ဂုဏ်ပြုဆုရ ချယ်ရီမြေမောင်တင်ထွန်း၊ ဒေါက်တာမိုးခိုင်၊ ဒေါက်တာမောင် တို့အား တိုင်းမိခင်နှင့်ကလေး စောင့် ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်း ရေးမှူး တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်းက ဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် အခမ်းအနားသို့ တက် ရောက်လာကြသူများအား ညစာဖြင့် တည်ခင်းဧည့်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ မန္တလေး တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ လှူဒါန်းသော လှူဒါန်းငွေများကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (တိုင်းမိခင်/ကလေး)

➪ NLDပါတီမှ

ဒီပဲယင်းမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးအပ်သော နုတ်ထွက်လွှာတွင် NLD ပါတီသည် ဗဟိုဦးစီးစနစ်လွန်ကဲခြင်း၊ ဒီမိုကရေစီ ကို ဖော်ဆောင်ရာ၌ လုပ်နည်းလုပ်ဟန် မမှန်ကန်ဘဲ မှားယွင်းနေခြင်း၊ အကျင့် ပျက် ခြစားမှုများနှင့် နေရာလိုချင်မှု များ လွန်ကဲနေကြခြင်း၊ အပြော တစ်မျိုး အလုပ်တစ်မျိုးဖြင့် စစ်မှန် သော လုပ်ဆောင်မှု၊ တိုင်းပြည် အတွက် အကျိုးပြုမှု လုံးဝမရှိခြင်း၊ ပါတီဂိုဏ်းဂဏများကွဲကာ မိမိအရေး နှင့် မိမိလူတစ်စု၏အရေးကို ရှေ့တန်း တင်ပြီး လုပ်ကိုင်ဆောင်ရွက်နေကြ ခြင်း၊ ပါတီ၏ နိုင်ငံရေးရည်မှန်းချက် ဖြစ်သော အမျိုးသားနိုင်ငံရေးလမ်းစဉ် ကို လုံးဝ ဖော်ဆောင်နိုင်မှု မရှိဘဲ လမ်းကြောင်း ပျောက်ဆုံးနေခြင်းတို့ ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်း ဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

❍ ကိုယ်ဝန်ဆောင်မှု

ကျန်းမာရေးဌာန ဒုတိယအကြီးအကဲ ဒေါက်တာဖိုနာအက်ရှက်ဒ်က ပြော ကြားသည်။

လက်ရှိအခြေအနေတွင် ဗြိတိန်ရှိ အမျိုးသမီး အများအပြားသည် ကိုယ်ဝန်ဆောင်နေစဉ် ကာလအတွင်း အရက်သောက်သုံးမှုကို ရှောင်ကြဉ် လာကြသည်။

ကိုယ်ဝန်သည်များ အနေဖြင့် အရက်သောက်သုံးခြင်း ရှိ မရှိကို ဖော်ထုတ်နိုင်ရန် ဗြိတိန်ကျန်းမာရေး ဌာန မိခင်နှင့်ကလေး ဌာနသည် လေ့လာမှုပြုလုပ်ခဲ့သည်။ ထိုလေ့လာမှု အရ ကိုယ်ဝန်သည် အမျိုးသမီးဦးရေ ၏ ကိုးရာခိုင်နှုန်းသည် အရက်ကို သတ်မှတ်ထားသည့် ပမာဏထက် ကျော်လွန်အောင် သောက်သုံးနေ သည်ကို တွေ့မြင်ရသည်ဟု မိခင်နှင့် ကလေးဌာနမှ ပညာရှင် ဒေါက်တာ ရီလာ ရှရစ်မင်က ပြောကြားသည်။

ကိုယ်ဝန်သည်နှင့် ကိုယ်ဝန်ဆောင် ရန် အလားအလာရှိသူများအနေဖြင့် အရက်သေစာ သောက်စားခြင်းမပြု လုပ်ရန် တားမြစ်ချက်သည် မလုပ် မဖြစ် ပြုလုပ်ရမည့် ကိစ္စတစ်ရပ်ပင် ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ဒေသဖွံ့ဖြိုးရေး လမ်းသစ်များဖွင့်ပွဲသို့ တက်ရောက်အားပေး

ရန်ကုန် မေ ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် မေ ၂၇ရက် နံနက် ၇နာရီတွင် ဧရာဝတီတိုင်း ဟင်္သာတခရိုင် ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော ကရင်ကျောင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်း လမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ကတ္တရာလမ်းသစ်ပြီးစီးသွားသဖြင့် ဟင်္သာတမြို့ပေါ် ရပ်ကွက်များနှင့် ခေါင်းဆေးကျွန်း၊ ချောင်းဖျားကြီး၊ ရွာသစ်၊ချောင်းဖျားလေး၊ ကိုင်းချောင်း၊ အိပ်ပျက် ကျေးရွာတို့မှ အိမ်ခြေ ၇၅၈၆အိမ်၊ အိမ်ထောင်စု ၈၀၃၀မှ လူဦးရေ ၃၈၁၀၃ဦးတို့နှင့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၊ ကွန်ပျူတာ တက္ကသိုလ်တို့မှ ကျောင်းသား၊ ကျောင်းသူများအတွက် ရာသီမရွေးသွားလာရေး လွယ်ကူ ချောမွေ့စွာ ဆက်သွယ်သွားလာနိုင် မည် ဖြစ်သည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှု ဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ဇလွန်မြို့ အနော်ရထာလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် သည်။

အဆိုပါ ကတ္တရာလမ်းသစ်သည် အရှည်ပေ၁၇၅၀၊ အကျယ် ၁၂ပေရှိပြီး မြို့ပေါ်ရပ်ကွက်ငါးခုရှိ အိမ်ခြေ ၄၈၃၉ အိမ်၊ အိမ်ထောင်စု ၅၀၀၂စုမှ လူဦးရေ ၄၇၆၃၂ဦးအတွက် လွယ်ကူမြန်ဆန်စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရ သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှု ဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ဇလွန် မြို့နယ် နေဘေး–သက္ကယ်ကျွန်းကျေးရွာ ချင်းဆက် ကျောက်ချောလမ်းသစ် ဖွင့်ပွဲသို့ တက်ရောက်သည်။**(အပေါ်ပုံ)**

အဆိုပါ ကျေးရွာချင်းဆက်လမ်း သည် အရှည် သုံးမိုင် ခုနစ်ဖာလုံ အကျယ် ၁၀ပေရှိပြီး ကျေးရွာအုပ်စု ခြောက်စုရှိ ကျေးရွာပေါင်း၃၀၊ အိမ်ခြေ ၂၁၁၂အိမ်၊ အိမ်ထောင်စု ၂၁၇၀မှ လူဦးရေ ၁၀၇၉၆ဦးအတွက် ကျန်းမာ ရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး ကူးသန်းရောင်းဝယ်ရေး လွယ်ကူ မြန်ဆန်စွာ ဆက်သွယ်သွားလာနိုင်ပြီ ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှု ဆောင် ဝန်ကြီးသည် ဇလွန်မြို့နယ် မေရီလန်းကျေးရွာ အခြေခံပညာ အထက်အတန်းကျောင်း ခန်းမ၌ ကျေးရွာနေ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင်ဝန်ကြီးသည် နေဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင် ရွက်ခဲ့သော ရတနာသီရိလမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၅-၂၀၀၇ (အင်္ဂါနေ့)

၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက် (အဖိတ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော**
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈း၀၅ ၆။ အတီးပြိုင်ပွဲ
- ၈း၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ Let's Go.
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ English for Everyday Use
- ၄း၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သတ္တဗေဒအထူးပြု (သတ္တဗေဒ)
- ၄း၅၅ ၅။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
- ၅း၁၀ ၆။ ခံစားနားဆင်တေးဓာတ်ဝင်
- ၅း၂၅ ၇။ ဆိုကြမယ် ပျော်ကြမယ်
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၀။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၆း၅၀ ၁၁။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
- ၇း၁၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သန်းတစ်ရာရွှေအိပ်မက်" (အပိုင်း–၃)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး ဒုတိယချစ်ပုံပြင်" (အပိုင်း–၁၄)**
- ၁၇။ နောက်တစ်နေ့အစီအစဉ်
- ၁၈။ အစီအစဉ်ပြီး၏။

နယ်စပ်နှင့် တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများအတွက် သင်္ကန်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် မေ ၂၈

သာသနာရေးဝန်ကြီးဌာန နယ်စပ်နှင့် တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများအတွက် သင်္ကန်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန ရန်ကုန်ရုံးခွဲ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်ကြည်ညိုပြီး သင်္ကန်းဒွိစုံနှင့် အလှူငွေများ လက်ခံသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့-အဖွဲ့ဝင် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သူရိယဓဇ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်၊ သာသနာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အလှူရှင် မိသားစုတို့ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့-အဖွဲ့ဝင် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသူရိယဓဇထံမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ထို့နောက် သာသနာရေးဝန်ကြီးဌာန နယ်စပ်နှင့်တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများအတွက် အလှူရှင် သီဟသုဓမ္မမဏိဇောတဓရ ဦးဘခန့်-ဒေါ်ခင်ရွှေ (ရွှေအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း) မိသားစုက သင်္ကန်းဒွိစုံ အစုံ၁၀၀နှင့် အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ရေစက်သွန်းချ

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့- အဖွဲ့ဝင် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသူရိယဓဇထံမှ ရေစက်ချ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ နယ်စပ်နှင့် တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများအတွက် အလှူရှင် သီဟသုဓမ္မမဏိဇောတဓရ ဦးဘခန့်-ဒေါ်ခင်ရွှေ (ရွှေအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း)က သင်္ကန်းဒွိစုံ ၁၀၀ကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် သရေခေတ္တရာလမ်းနေ မိခင်ကြီး ဒေါ်ယဉ်ယဉ်လှဲ့ကို အမှူးထား၍ သား ဦးဗိုလ်ဗိုလ်ဝင်း၏ (၃၇)နှစ်မြောက် မွေးနေ့အလှူအဖြစ် ကျပ်တစ်သိန်းကို အရှင်သုမင်္ဂလ မဟာဓမ္မာစရိယ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် အချိန်ပိုင်းနည်းပြ M.A (Buddhism) အား လှူဒါန်းပွဲနှင့် အထူးတရားပွဲကို မေ ၂၅ ရက်ညက မိဂဒါဓမ္မရိပ်သာ ဇဟိုဓမ္မာရုံကြီး၌ ကျင်းပစဉ်။ (၆၃)

ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ လျှပ်စစ်မီးသွယ်တန်းရန်အတွက် အင်းစိန်စော်ဘွားကြီးကုန်းအဝေးပြေးကားဝင်း အဆောင် ၈/၈/၄ နေ ဦးဘိုကြီး-ဒေါ်မြင့်ကြည်(အောင်ပွင့်ဖူးခိုင်) မိသားစု အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးက ဓာတ်တိုင်တစ်တိုင်နှင့် မီးကြိုးတစ်ခန်းအတွက် ငွေကျပ် ၃၆၀၀၀၀ကို မေ ၂၂ ရက်တွင် အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်၌ ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (၆၁)

ဥယျာဉ်ကျောင်းတိုက် တရားစခန်းပွဲ

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်း လှည်းကူးမြို့ အောင်မင်္ဂလာရပ်ကွက် ဥယျာဉ်ကျောင်းတိုက် မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ(၂၂၇)၏ (၅၅)ကြိမ်မြောက် ခုနစ်ရက် တရားစခန်းပွဲကို ဇွန် ၂ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဥယျာဉ်ကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တစန္ဒိမာက ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ် တရားတော်များကို ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများသည် ဇွန် ၁ ရက် ညနေ ၅ နာရီအရောက် လာရောက်ကြရမည် ဖြစ်သည်။

ရန်ကုန်မြို့ ကျောက်မြောင်းရပ်ရဟန်း ဒါယကာ ဦးဇော်မိုးမြင့်၊ ဒါယိကာမ ဒေါ်ချစ်စုဝေအောင် (Fame) ကဖီးမိသားစုက ဥယျာဉ်ကျောင်းတိုက် ဆရာတော်မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တစန္ဒိမာအား သိက္ခာထပ်မင်္ဂလာကို ဇွန် ၅ ရက် မွန်းတည့် ၁၂ နာရီတွင် ပြုလုပ်မည်ဖြစ်ရာ ရပ်နီးရပ်ဝေး ဒါယကာ၊ ဒါယိကာမများ သိမ်ဆင်းလောင်းလှူကြရန်နှင့် လှူဒါန်းလိုသူများသည် ဖုန်း-၆၂၉၅၁၄သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အလှူရှင်များ ရေစက်ချပွဲနှင့် ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ပစ္စည်းလေးပါးဖြင့် စဉ်ဆက်မပြတ် ထောက်ပံ့လှူဒါန်းခဲ့ကြသော ပြည်တွင်းပြည်ပမှ ပဒေသာပင် အလှူရှင်များ၏ (၄၅)ကြိမ်မြောက် ရေစက်ချမင်္ဂလာပွဲနှင့် အလှူရှင်များအား ဆေးရုံအုပ်ချုပ်ရေးအဖွဲ့မှ ဂုဏ်ပြုညှော်ခံပွဲအခမ်းအနားကို မေ ၂၇ ရက် မွန်းလွဲ ၂ နာရီတွင် အဆိုပါ ဆေးရုံကြီးရှိ ဝေဇယန္တာဆောင် ရှစ်ထပ်အဆောက်အအုံ အပေါ်ဆုံးထပ် ခန်းမဆောင်ကြီး၌ ကျင်းပရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နာယကများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ် မရမ်းကုန်းမြို့နယ် တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် ပဓာန နာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ သာသနဓဇဓမ္မာစရိယ ဥဘတောဝိဘင်္ဂဓရ ဘဒ္ဒန္တကဝိဓဇထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ရှင်းလင်းလျှောက်ထား

ထို့နောက် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘဉာဏ်(ငြိမ်း)က အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ဆရာတော်နှင့် သံဃာတော်များအား အလှူရှင်များက သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ထံမှ ရေစက်ချ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နှစ်ဖက်မိဘများနှင့် ဒုတိယပါမောက္ခချုပ် ဦးဘသန်းဟက်တို့အားရည်စူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်းနေ ဒေါ်သန်းသန်းနှင့် သားသမီးမြေးတစ်စုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် ငွေကျပ် ၁၀သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ရေစီးရေလာကောင်းမွန်ရေး သန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် မေ ၂၈

မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်ပြီး ၁၉ ရပ်ကွက်၊ ရပ်ကွက်အသင်းများမှ စည်းရုံးရေးမှူးများ၊ အမှုဆောင်များနှင့် အသင်းဝင်များ၊ စုပေါင်းအင်အား ၂၀၀ဖြင့် မေ ၂၆ရက်က ခေမာသီလမ်းမကြီး ဆေးတက္ကသိုလ် (၂)ရှေ့ ရေမြောင်းအား မေဓာဝီလမ်းဆုံအထိ အရှည်ပေ ၂၀၀၀ ရေစီးရေလာကောင်းမွန်စေရန် ရေလမ်းပိတ်ဆို့ မြက်အမှိုက် နုန်းများ ဆယ်ယူရှင်းလင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်၊ အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်အောင်၊ အလုပ်အမှုဆောင် နယ်မြေတာဝန်ခံ ဦးအောင်ကျော်မိုး၊ မြို့နယ် အတွင်းရေးမှူး ဦးကျော်ကျော်စိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းကြိုင်နှင့် မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်း**(အောက်ပုံ)**တို့ လိုက်လံ ကြည့်ရှုအားပေးကြကြောင်း သိရသည်။ (က-ပ)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်ဆဲ အိန္ဒိယနိုင်ငံ တက္ကသိုလ်အသီးသီး ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်သစ်အတွက် ရန်ကုန်မြို့ အဆင့်မြင့် မင်္ဂလာဈေး အမှတ် (၃၇၉/၃၈၀)မြေညီ မသက်အထည်ဆိုင်မိသားစုက မိခင်ကြီး ဒေါ်ခင်စိန်အား ရည်စူး၍ ငွေကျပ်တစ်သိန်း လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးဆောင် ဥက္ကဋ္ဌ အရှင်ရာဇိန္ဒ(နာလန္ဒာ)က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။

(က-ပ)

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား **သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. P.A.D Samarasekera** လာရောက်တွေ့ဆုံစဉ်။
(သစ်တောရေးရာ)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် မေ ၂၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. P.A.D. Samarasekera သည် ယနေ့ နံနက်ပိုင်းတွင်ရန်ကုန်မြို့ အလုံမြို့နယ် မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)ရှိ ဝန်ကြီး၏ ဧည့်ခန်းမသို့လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းလည်း တက်ရောက်ကြောင်းသတင်းရရှိသည်။
(သတင်းစဉ်)

မြိုင်ဆရာတော်အရှင်ပညာဇောတ အထူးတရားပွဲကျင်းပမည်

ရန်ကုန် မေ ၂၈

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ (ဓမ္မကထိကဗဟုဇနဟိတရေ) ၏ တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယနယ်လှည့်ဓမ္မကထိက) အရှင်သူမြတ်သည် မေ ၃၀ ရက်တွင် မန္တလေးတိုင်း မြင်းခြံမြို့ နန်းမြင့်ရှာ ဓမ္မသဘင်၌ ည ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်သည်။ (က–ပ)

မေ ၂၈ ရက်က သဃ်န်းကျွန်းမြို့နယ် အမှတ်(၁၈) အခြေခံပညာမူလတန်းကျောင်း၏ ကျောင်းအပ်နှံရေးနေ့အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးကအမှာစကားပြောကြားပြီးသူငယ်တန်းနှင့်ဒုတိယတန်းကျောင်းသား၊ ကျောင်းသူ ၁၂၀တို့အား အလှူရှင် ဦးမောင်မောင်ကြည်–ဒေါ်စိန်စိန် မိသားစုက ပုံနှိပ်စာအုပ်များ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဒေသဖွံ့ဖြိုးရေးအကျိုးပြု ပြိုင်းချောင်းနှင့်ဇီးချောင်းရေလှောင်တမံ

ရန်ကုန် မေ ၂၈

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်သည် မိုးရေချိန် တစ်နှစ်ပျမ်းမျှ လက်မ ၁၉၀ ရှာသွန်းသော်လည်း မိုးရာသီကုန်ဆုံးသည့်အခါ ပူပြင်းခြောက်သွေ့ပြီး တစ်နှစ်ပတ်လုံး သီးထပ်သီးနှံစိုက်ပျိုးနိုင်ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ ပြိုင်းချောင်းပေါ်တွင် ရေလှောင်တမံတစ်ခု တည်ဆောက်ခဲ့သည်။

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်တွင် စိုက်ပျိုးရေနှင့်လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် ဇီးချောင်းရေလှောင်တမံစီမံကိန်း၌ စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေကြစဉ်။

ပြိုင်းချောင်းသည် ရခိုင်ရိုးမကို ဖြတ်ကျော်၍ ကစ္ဆပနဒီမြစ်အတွင်းသို့ စီးဝင်သည်။ ရေအမြဲစီးဆင်းနေသော ချောင်းတစ်ချောင်းဖြစ်သည်။ ပြိုင်းချောင်း ပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်နေသော တောတောင်အထပ်ထပ် ဝန်းရံလျက်ရှိသည်။ ပြိုင်းချောင်း ရေလှောင်တမံကို ၂၀၀၇ ခုနှစ် မတ်လ ၃၀ ရက်က ဖွင့်လှစ်ခဲ့သည်။ ပြိုင်းချောင်း ရေလှောင်တမံသည် မင်ဒန်းကျေးရွာအနီးတွင် တည်ရှိပြီး ဧက ၅၀၀၀ ရေပေးဝေသည်ဟု သိရသည်။

ပြိုင်းချောင်း ရေလှောင်တမံမှ ကီလိုဝပ် ၄၀မှ ၆၀အထိ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးပြီး ကျောက်တော်မြို့နယ်သို့ လျှပ်စစ်ဓာတ်အား ပေးဝေမည်ဖြစ်ပေသည်။ ပြိုင်းချောင်းရေလှောင်တမံမှ ရေ ၂၅၂၀၅ ဧကပေကို သိုလှောင်ပြီး ကျောက်တော်မြို့နယ်အတွင်း နွေစပါး ဧက ၄၀၀၀ (သို့မဟုတ်) သီးနှံ မြေဧရိယာဧက ၅၀၀၀ ကို ရေသွင်းစိုက်ပျိုး၍ ဒေသဖွံ့ဖြိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးကို ဆောင်ရွက်နိုင်မည် ဖြစ်သည်။

ယခုအခါတွင် ကျောက်တော်မြို့နယ်အတွင်း စမ်းသပ်နွေစပါးဧက ၁၀၀၀ ကို ရေပေးသွင်းလျက်ရှိသည်။ ပြိုင်းချောင်းရေလှောင်တမံ၏ အဓိကကျသော အချက်အလက်များမှာ–

(၁) တမံအမျိုးအစားမှာ မြေသားတမံ၊ (၂) တမံအမြင့် (ပင်မတမံ) ၁၁၆ ပေ၊ (၃) ကုန်းကျောတမံလေးခု ၃၈ပေ၊ (၄) တမံအလျား ပေ ၈၆၀ (ပင်မတမံ)၊ (၅) ကုန်းကျောတမံလေးခု ၉၂၅ပေ၊ (၆) ရေထုတ်ပြွန်အမျိုးအစားမှာ သံကူကွန်ကရစ်၊ (၇) ရေထုတ်ပြွန်အရွယ်အစား အကျယ်လေးပေ၊ အမြင့်ခြောက်ပေ(တစ်ပေါက်)၊ (၈) ရေထုတ်ပြွန် အလျား ပေ ၆၃၀၊ (၉) ရေထုတ်ပြွန်ဒီဇိုင်း ၁၀၀ ကုဗပေ/စက္ကန့်၊ (၁၀) လျှပ်စစ်ဓာတ်အားထုတ်ပိုက် ၁၉ လက်မ အချင်း သံမဏိပိုက်၊ (၁၁) လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သည့်ပမာဏ ကီလိုဝပ် ၄၀ မှ ၆၀အထိ၊ (၁၂) ရေပိုလွှဲအမျိုးအစား သံကူကွန်ကရစ် (Broad Crest Type)၊ (၁၃) ရေပိုလွှဲ အကျယ် ပေ ၃၀၊ (၁၄) ရေပိုလွှဲအလျား ပေ၅၅၀၊ (၁၅) ရေပိုလွှဲဒီဇိုင်း ရေထုစီးနှုန်း ၁၇၀၀ ကုဗပေ/စက္ကန့်၊ (၁၆) တူးမြောင်းမကြီး အလျားရှစ်မိုင်၊ (၁၇) လက်တံမြောင်းများ အလျားစုစုပေါင်း ၁၃မိုင်၊ (၁၈) တူးမြောင်း အဆောက်အအုံပေါင်း ၁၆၃ ခုပါဝင်သည်။

ထို့အတူ ရခိုင်ပြည်နယ်ကို အလှဆင်မည့် ဇီးချောင်းရေလှောင်တမံကို ကျောက်တော်မြို့နယ် မဟာမုနိဘုရားကြီးမှ နှစ်မိုင်ခန့်အကွာရှိ ဇီးချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည်။ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)မှ တည်ဆောက်နေခြင်းဖြစ်သည်။ ဦးစီးအရာရှိ ဦးစဝ်ခွန်ဦးနှင့်အတူ မြို့နယ်တန်ခိုးကြီးဘုရားဖြစ်သည့် မဟာမုနိဘုရားကြီးမှ အရှေ့မြောက်ဘက် ပလက်ဝလမ်းအတိုင်း လာခဲ့ရာ နှစ်မိုင်ခန့်အကွာတွင် ဇီးချောင်းရေလှောင်တမံ တည်ဆောက်နေရာသို့ ရောက်ရှိခဲ့သည်။ ဇီးချောင်းရေလှောင်တမံ တည်ဆောက်ပေးခြင်း၏ ရည်ရွယ်ချက်မှာ လယ်မြေဧက ၁၀၀၀ ခန့်ကို နွေစပါးနှင့် သီးထပ်စိုက်ပျိုးနိုင်ရန်ဖြစ်သည်။ ထို့အပြင် လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၈၀ (ကီလိုဝပ် ၄၀ x နှစ်လုံး) ထုတ်လုပ်ပေးပြီး အဓိကမဟာမုနိဘုရားကြီးအား လျှပ်စစ်မီးအလုံအလောက် ပေးဝေရန် ဖြစ်သည်။ ပတ်ဝန်းကျင်ဒေသများကိုလည်း လျှပ်စစ်ဓာတ်အား ပေးဝေသွားမည်ဖြစ်သည်။

ဇီးချောင်းရေလှောင်တမံ တည်ဆောက်ရာတွင် အဓိကကျသည့်အချက်အလက်များမှာ–

(၁) ရေဆင်းဧရိယာ ၃ ဒသမ ၀ စတုရန်းမိုင်၊ (၂) နှစ်စဉ်စီးဝင်ရေ ဧကပေ ၁၃၂၀၀၊ (၃) တမံအမျိုးအစားမှာ မြေသားတမံ၊ (၄) တမံအမြင့် ၁၁၅ ပေ၊ (၅) တမံအလျား ပေ ၈၄၀၊ (၆) ရေထုတ်ပြွန်အမျိုးအစား သံကူကွန်ကရစ် ရေထုတ်ပြွန် အရွယ်အစား အလျားလေးပေ၊ အမြင့်ခြောက်ပေ တစ်ပေါက်၊ (၇) ရေထုတ်ပြွန်အလျား ပေ ၆၄၀၊ (၈) ရေထုတ်ပြွန်ဒီဇိုင်း ရေထုစီးနှုန်း ၁၀၀ ကုဗပေ/စက္ကန့်၊ (၉) ရေပိုလွှဲအမျိုးအစား သံကူကွန်ကရစ် (Broad Crest Type)၊ (၁၀) ရေပိုလွှဲအကျယ် ပေ ၅၀၊ (၁၁) ရေပိုလွှဲဒီဇိုင်းရေထုစီးနှုန်း ၁၅၀၀ ကုဗပေ/စက္ကန့်ဖြစ်ပြီး တူးမြောင်းမကြီး၏ အလျားသုံးမိုင် ရှည်လျား၍ လက်တံမြောင်းများမှာ ငါးမိုင် ရှည်လျားပြီး တူးမြောင်းအဆောက်အအုံပေါင်း ၈၀ ပါဝင်သည်။

ကျောက်တော်မြို့နယ်တွင် ယခင်က မိုးစပါး တစ်မျိုးတည်းကိုသာ စိုက်ပျိုးနိုင်ခဲ့သည်။ ယခုအခါတွင် ပြိုင်းချောင်း ရေလှောင်တမံနှင့် ဇီးချောင်းရေလှောင်တမံမှ စိုက်ပျိုးရေဖြင့် နွေစပါးအပြင် သီးထပ်သီးနှံများပါ စိုက်ပျိုးလာနိုင်ပေမည်။ ရခိုင်ပြည်နယ်သည် မိုးတွင်းကာလ၌သာ မိုးရွာသွန်းသော်လည်း နွေရာသီတွင် ခြောက်သွေ့လျက်ရှိရာ နိုင်ငံတော်က ရေလှောင်တမံများ တည်ဆောက်ပေးမှုကြောင့် မိုးစပါး၊ နွေစပါး၊ သီးထပ်သီးနှံများဝေဆာလျက် ဒေသဖွံ့ဖြိုးရေးကို ပိုမိုအထောက်အကူပြုမည်ဖြစ်ပေသည်။ ။

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၌ တည်ဆောက်ပြီးစီး ဖွင့်လှစ်ခဲ့သော ပြိုင်းချောင်းရေလှောင်တမံကို တွေ့ရစဉ်။



သတင်းဆောင်းပါး၊ ဓာတ်ပုံ
ခင်မောင်သန်း(စက်မှု)

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ကွန်ဂရက်တက်ရောက်ရန် အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ ထွက်ခွာ

ရန်ကုန် မေ ၂၈

ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့တွင် မေ ၃၀ရက်မှ ၃၁ရက်အထိ ကျင်းပမည့် (၅၇)ကြိမ်မြောက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) ကွန်ဂရက်သို့ တက်ရောက်ရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ည ၈နာရီက လေကြောင်း ခရီးဖြင့် ထွက်ခွာသွားသည်။ **(ယာပုံ)**

ဖီဖာကွန်ဂရက်သို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အတူ အထွေထွေအတွင်းရေးမှူး ဦးတင်အောင်နှင့် ဘဏ္ဍာရေးမှူး ဦးသန်းဇော်တို့ လိုက်ပါသွားကြသည်။

မေ ၃၀ ရက်တွင် (၅၇)ကြိမ်မြောက် ဖီဖာကွန်ဂရက်ဖွင့်ပွဲ ကျင်းပမည်ဖြစ်ပြီး ၃၁ ရက်တွင် ဖီဖာကွန်ဂရက် ကျင်းပမည်ဖြစ်သည်။ ယင်းကွန်ဂရက်တွင် ဖီဖာဥက္ကဋ္ဌကို ပြန်လည်ရွေးချယ်တင်မြှောက်မည့်အပြင် ဖီဖာအဖွဲ့ဝင်နိုင်ငံများ၏ ဘောလုံးအားကစားတိုးတက်ရေး ဆောင်ရွက်ချက်များ၊ ဘောလုံးအဖွဲ့ချုပ်များ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ငွေကြေးသုံးစွဲမှုအခြေအနေတို့ကို ဆွေးနွေးတင်ပြကြမည်ဖြစ်သည်။ ထို့ပြင် ဖီဖာ၏ ရေ့လုပ်ငန်းစဉ်များ၊ နိုင်ငံတကာပြိုင်ပွဲများကျင်းပရေးနှင့် ငွေကြေးသုံးစွဲမှုများကို တင်ပြအတည်ပြုမည်ဟု သိရှိရသည်။ လက်ရှိဖီဖာဥက္ကဋ္ဌဖြစ်သူ ဆပ်ဘလတ္တာမှာ ဥက္ကဋ္ဌရာထူးအတွက် ယှဉ်ပြိုင်မည့်သူမရှိ၍ ဥက္ကဋ္ဌရာထူးကို ဆက်လက်တာဝန်ထမ်းဆောင်ခွင့် ရရှိခဲ့သည်။

(ကြေးမုံ)

အခြေခံစည်းရုံးရေး သင်တန်းဖွင့်

ရန်ကုန် မေ ၂၈

လှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ် (၂၆)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက လှိုင်မြို့နယ် (၁) ရပ်ကွက်ရှိ အမှတ်(၁၃) အခြေခံပညာ မူလတန်းကျောင်းခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများ၊ မိတ်ဖက် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် သင်တန်းသူ၊ သင်တန်းသား ၅၀တို့ တက်ရောက်ကြသည်။ (က-ပ)

ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲကျင်းပ

ရန်ကုန် မေ ၂၈

နိုင်ငံတော် သံဃနာယကအဖွဲ့မှ ကြီးမှူးကျင်းပသည့် (၂၄)ကြိမ်မြောက် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲများကို တောင်ကြီးမြို့ အထက(၂) စာစစ်ဌာနနှင့် ကျေးရွာအုပ်စု အသီးသီးရှိ စာစစ်ဌာနများတွင် မေ ၂၅ ရက်မှ ၂၇ရက်အထိ ကျင်းပသည်။ အဆိုပါ စာမေးပွဲ၌ ကျောင်းသား၊ ကျောင်းသူ ၁၁၈၈ ဦး ဝင်ရောက်ဖြေဆိုကြပြီး တောင်ကြီးမြို့နယ် သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တအဂ္ဂဝံသ၊ ကပ်ကျော် အောင်တော်မူကျောင်း ဆရာတော်နှင့် အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တသဇ္ဇနနှင့် မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (က-ပ)

ဇွန်လ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် မေ ၂၈

အနောက်တောင် မုတ်သုံလေသည် ဇွန်လပထမ (၁၀)ရက်ပတ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်နိုင်ဖွယ်ရှိသည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲခန့် မိုးရွာနိုင်သည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၂၁၀ စင်တီမီတာ(ခုနစ်ပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၁၅၀ စင်တီမီတာ (ငါးပေခန့်)နှင့် ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၁၂၀ စင်တီမီတာ (လေးပေခန့်) လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၂၁၀ စင်တီမီတာ (ခုနစ်ပေခန့်) နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၅၀ စင်တီမီတာ (ငါးပေခန့်)လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၅-၂၀၀၇ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	(၂၄)ပစ္စည်းပဋ္ဌာန်းဒေသနာ တရားတော် အပိုင်း(၈) (ဓမ္မဒူတအရှင်ဆေကိန္ဒ)
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	Sunday Talk
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	မဟာဓမ္မရံသီနှင့် ယဉ်ကျေးလိမ္မာစေသော---
၉း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅	အံ့မခန်းဖူးတွေ့စရာ အလောင်းတော်ကဿပ လိုဏ်ဂူမှာ
၁၀း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀	Music Gallery (Radio Alive) (အပိုင်း-၁)
၁၀း၄၀	မိုးလေဝသခန့်မှန်းချက်
၁၀း၄၅	ကျောက်ဆစ်ထွင်းထုပုံဖော်ပြု အနုမြတ်ပညာ
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	တစ်ကျော့ပြန်တီဘီ (အပိုင်း-၁) (ဒေါက်တာဇေစိုး)
၁၁း၂၀	ရေပျော်ငှက်တို့နားခိုရာ
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	Celebrity Style (ဆုပန်ထွာနှင့်တွေ့ဆုံခြင်း)
၁၂း၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၂း၃၅	ရန့်စုံထူးကဲဆပ်ပြာမွှေးခဲ
၁၂း၄၅	တေးဂီတအစီအစဉ်
၁၂း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၅၅	သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (တစ်ခုပညာကိုယ်စီပါ)
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အင်္ဂလန်အသင်းခေါ်ယူပါက ဘက်ဟမ်းအား စေလွှတ်ပေးရန်လိုအပ်

လန်ဒန် မေ ၂၈

လာမည့် ဘောလုံးရာသီအတွင်း ကျင်းပမည့် နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲများအတွက် ဒေးဗစ်ဘက်ဟမ်းအား အင်္ဂလန်လက်ရွေးစင်အသင်းကခေါ်ယူပါက အမေရိကန်အခြေစိုက် လော့စ်အိန်ဂျလိစ် ဂလက်ဇီအသင်းက စေလွှတ်ပေးရန် လိုအပ်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က ယနေ့ပြောကြားသည်။

လွန်ခဲ့သည့်နှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနောက်ပိုင်း ပထမဆုံးအကြိမ် ဘက်ဟမ်းအား အင်္ဂလန်အသင်းက ပြန်လည်ခေါ်ယူထားသည်။

အင်္ဂလန်အသင်း၏ ချစ်ကြည်ရေးခြေစမ်းပွဲများ ကျင်းပမည့်အချိန်နှင့် ဂလက်ဇီအသင်း၏ မေဂျာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကျင်းပမည့်အချိန်တို့ တိုက်ဆိုင်လျက်ရှိသည်။

အင်တာနက် အားကစား သတင်းများ

ဂလက်ဇီအသင်းသည် ပေါင်ငွေ ၁၂၅ သန်းတန်ဖိုးရှိ ကန်ထရိုက်စာချုပ်ကို ဘက်ဟမ်းနှင့် ချုပ်ဆိုခဲ့သည်။ ***အင်တာနက်***

တိုက်စစ်မှူး ရော်ဘီကိန်း စပါးအသင်းတွင် ဆက်လက်ရှိမည်

လန်ဒန် မေ ၂၈

စပါး အသင်း၏ တိုက်စစ်မှူး ရော်ဘီကိန်း။

(ဓာတ်ပုံ-အင်တာနက်)

တော့တင်ဟမ် ဟော့စပါးအသင်း၏ တိုက်စစ်မှူး ရော်ဘီကိန်းသည် ယင်းအသင်းတွင် ၂၀၁၂ ခုနှစ်အထိ ပါဝင်ကစားရန် ငါးနှစ်သက်တမ်းရှိ ကန်ထရိုက်စာချုပ်သစ်ကို ယနေ့ လက်မှတ်ရေးထိုးလိုက်သည်။

ရော်ဘီကိန်းသည် ၎င်း၏ဘောလုံးသမားဘဝတွင် အကောင်းဆုံးဘောလုံးရာသီကို မကြာသေးမီက ကုန်ဆုံးစေခဲ့သည်။ မန်နေဂျာ မာတင်ဂျိုးလ်၏ စပါးအသင်းသည် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ပဉ္စမနေရာ၌ ရပ်တည်နိုင်ခဲ့ပြီး ရော်ဘီကိန်းသည် ဘောလုံးရာသီအတွင်း ၂၂ ဂိုးအထိ သွင်းပေးနိုင်ခဲ့သည်။ စပါးအသင်း၏ အနာဂတ်မှာ တောက်ပြောင်လျက်ရှိသဖြင့် ယင်းအသင်းတွင် မိမိဆက်လက်ကစားလိုကြောင်း၊ အိုင်ယာလန်လက်ရွေးစင်အသင်း၏ အသင်းခေါင်းဆောင်လည်းဖြစ်သူ ကိန်းက ပြောသည်။ ***အင်တာနက်***

ယူရိုခြေစစ်ပွဲများ ကစားရန် အင်ဇာဂီအား အီတလီအသင်းခေါ်ယူ

အေစီမီလန်အသင်း၏ တိုက်စစ်မှူး ဖီးလစ်ပိုအင်ဇာဂီ။

(ဓာတ်ပုံ-အင်တာနက်)

ရောမ မေ ၂၈

အီတလီအသင်းသည် ယူရိုခြေစစ်ပွဲများကစားရန် အေစီမီလန်အသင်း၏ တိုက်စစ်မှူး ဖီးလစ်ပိုအင်ဇာဂီအား ခေါ်ယူထားကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။ ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲအတွက် ဖာရိုးကျွန်းစုနိုင်ငံအသင်းနှင့် လစ်သူယေးနီးယားအသင်းတို့နှင့် ကစားရမည့် ခြေစစ်ပွဲများအတွက် အီတလီအသင်းတွင် ပါဝင်ကစားမည့် ဘောလုံးသမားများ အမည်စာရင်းကို အသင်းမန်နေဂျာ ရောဘတ်တိုဒိုနာဒိုနီက ယနေ့ ထုတ်ပြန်ကြေညာရာ၌ အင်ဇာဂီပါဝင်သည်။

လွန်ခဲ့သည့်နှစ်က ဂျာမနီနိုင်ငံတွင် ကျင်းပသည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အောင်ပွဲရအီတလီအသင်းတွင် ပါဝင်ကစားခဲ့သူ အင်ဇာဂီသည် လက်ရှိဘောလုံးရာသီ၏ ပွဲစဉ်အများအပြား၌ ပါဝင်ကစားနိုင်ခြင်းမရှိပေ။ ယင်းမှာ ထိခိုက်ဒဏ်ရာရရှိခဲ့သောကြောင့်ဖြစ်သည်။ အင်ဇာဂီသည် မတ်လက စကော့တလန်အသင်းနှင့် ယှဉ်ပြိုင်ကစားသည့်ပွဲတွင်လည်း ပါဝင်နိုင်ခြင်းမရှိခဲ့ပေ။ ကမ္ဘာ့ဖလားအောင်ပွဲရ အီတလီအသင်းတွင် ပါဝင်ခဲ့သော ဘောလုံးသမားလေးဦးမှာ ထိခိုက်ဒဏ်ရာရထားသဖြင့် ယူရိုခြေစစ်ပွဲများ၌ ပါဝင်မည်မဟုတ်ကြောင်းသိရသည်။***အင်တာနက်***

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၅-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၅။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၄း၅၀	၆။ ပညာခေတ်
၄း၅၅	၇။ မျိုးချစ်တပ်မတော်
၅း၄၀	၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။ နိုင်ငံတကာသတင်း
၆း၂၀	၁၁။ မိုးလေဝသသတင်း
၆း၃၀	၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာစမ်းရေ" (အပိုင်း-၂၁)**
၈း၀၀	၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။ မွေးမြူသုတ
	၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးနဂါးသိုင်း(၈)ကွက်" (အပိုင်း-၃၁)**
	၂၀။ သင့်အတွက်မနက်ဖြန်
	၂၁။ အပိတ်နှုတ်ဆက်စကား
	၂၂။ ပြီးပါပြီ။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနက လုပ်ငန်းအပ်နှံထားပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ပေးရမည့် ရထားတံတားလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းစစ်ဆေး

နေပြည်တော် မေ ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၆ ရက် နံနက်ပိုင်းတွင် ချောက်မြို့မှ (ဆိပ်ဖြူ-ပခုက္ကူလမ်း)အတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကာ လမ်းတစ်လျှောက် လမ်း၊ တံတားလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဝန်ကြီးသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာနက လုပ်ငန်းအပ်နှံ၍ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက တည်ဆောက်ပေးရမည့် ကြံခင်း-ပခုက္ကူ ရထားလမ်းပေါ်ရှိ ရထားတံတား ခြောက်စင်းအနက်မှ တစ်စင်းဖြစ်သည့် ချစ်ချောင်းတံတားတည်ဆောက်မည့်နေရာသို့ရောက်ရှိရာ ချစ်ချောင်းတံတားတည် ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာမှူး ဦးဟန်စိုးနှင့် ပခုက္ကူခရိုင် အင်ဂျင်နီယာမှူး ဦးဇော်ဝင်းမြင့်တို့က တံတားအကြောင်းနေရာနှင့် လုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း(ရုံးချုပ်)တံတားဦးစီးမှ အင်ဂျင်နီယာမှူးကြီးဦးစိန်မောင်က မီးရထားတံတားနှင့် မော်တော်ကားလမ်း တွဲဖက်သုံးစွဲနိုင်မည့် လက်ရှိလမ်းအခြေအနေများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ဝန်ကြီးသည်ယောချောင်းတံတားတည်ဆောက်မည့်နေရာသို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် လက်ရှိမြေပြင်အခြေအနေ၊ တံတားအကြောင်းအခြေအနေ၊ ချောင်းအခြေအနေ တို့ကိုကြည့်ရှုစစ်ဆေး၍ ဝန်ကြီးက ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ လုပ်ငန်းလိုအပ်ချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရန်နှင့် လိုအပ်သည့်နေရာတွင် မော်တော်ကားပါ ဖြတ်သန်းအသုံးပြု နိုင်အောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရန်မှာကြားပြီး တင်ပြချက်များနှင့် စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ဇွန်လအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် မေ ၂၈

အနောက်တောင်မုတ်သုံလေသည် ဇွန်လ ပထမ ၁၀ရက်ပတ်အတွင်း မြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ဝင်ရောက်နိုင်ဖွယ်ရှိသည်။ဘင်္ဂလား ပင်လယ်အော် မြောက်ပိုင်းတွင် လေဖိအားနည်း ရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး မုတ်သုံလေ အား အသင့်အတင့်မှ အားကောင်းနိုင်သည်။

မိုးအခြေအနေ

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည် နယ်၊ မွန်ပြည်နယ်၊စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ဧရာဝတီတိုင်း၊ရန်ကုန်တိုင်းနှင့်တနင်္သာရီ တိုင်းတို့တွင်ရွာသွန်းမြဲထက်ပိုကာ ကျန်ပြည်နယ် နှင့် တိုင်းတို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်သည်။

မြစ်ရေအခြေအနေ

၂၀၀၇ ခုနှစ် ဇွန်လအတွင်း ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒုဋ္ဌ ဝတီမြစ်၊ ရွှေကျင်မြစ်နှင့် ပဲခူးမြစ်တစ်လျှောက်ရှိ မြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များ အထက်မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ရောက်ရှိနိုင်ဖွယ် မရှိပါ။

အင်တာနက် ကျန်းမာရေးသတင်း

ကိုယ်ဝန်ဆောင် အမျိုးသမီးများ အရက် လုံးဝမသောက်သင့်

လန်ဒန် မေ ၂၈

ကိုယ်ဝန်ဆောင်များနှင့် ကိုယ်ဝန်ဆောင်ရန် အလားအလာရှိသူ အမျိုးသမီးများ အနေဖြင့် အရက်သေစာသောက်သုံးခြင်းကို လုံးဝရှောင် ကြဉ်သင့်သည်ဟု ဗြိတိန်ကျန်းမာရေးဌာနက အကြံပြုထားသည်။

ယခုအကြံပြု တိုက်တွန်းချက်မပေါ်ထွက်လာ မီအချိန်က လက်ခံထားသော သဘောထားအရ ဆိုပါက ကိုယ်ဝန်သည်တစ်ဦးအနေဖြင့် သီတင်း တစ်ပတ်လျှင် အရက်တစ်ကြိမ် သို့မဟုတ် နှစ် ကြိမ် အရက်နှစ်ယူနစ်မျှသောက်သုံးနိုင်ကြောင်း ခွင့်ပြုထားသည်။

ဆေးပညာရှင်များနောက်ဆုံးလက်ခံထားသော အကြံပြုချက်၌မူ ကိုယ်ဝန်ဆောင်စဉ်အတွင်း အရက်လုံးဝမသောက်ရန် ဖော်ပြထားသည်။

ကိုယ်ဝန်သည်များ အရက်လုံးဝမသောက်သုံး သင့်သည်နှင့် ပတ်သက်လာလျှင် မိမိတို့အမြင်မှာ ရှင်းလင်းကြောင်း၊အရက်ထုတ်လုပ်သူများအနေဖြင့် အရက် လုံးဝမသောက်သုံးသင့်ဟူသော သတိပေး ချက်ပါသည့်စာတန်းကို အရက်ပုလင်းများပေါ် တွင် ထင်ရှားစွာ ဖော်ပြစေသင့်ကြောင်း ဗြိတိန်

စာမျက်နှာ ၉ ကော်လံ ၂ သို့

NLD ပါတီသည် ဗဟိုဦးစီးစနစ်လွန်ကဲနေ၊ ဒီမိုကရေစီကို မှားယွင်းစွာဖော်ဆောင်၊ အကျင့်ပျက်ခြစားမှုနှင့် နေရာယူလိုမှုများလွန်ကဲပြီး အပြောတစ်မျိုး၊ အလုပ်တစ်မျိုးဖြင့် တိုင်းပြည်အတွက်အကျိုးပြုမှုမရှိ၊ မိမိအရေးနှင့် မိမိလူတစ်စု၏အရေးကိုရှေ့တန်းတင်ကာ ဂိုဏ်းဂဏများ ကွဲပြားနေသဖြင့် ဒီပဲယင်းမြို့နယ် အမှတ်(၁) မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပါအဝင် ပါတီဝင်၃၀ စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၂၈

စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၃၀ စုပေါင်းနုတ်ထွက်ပွဲကို မေ ၂၇ ရက် နံနက် ၉ နာရီတွင် ဒီပဲယင်းမြို့နယ် တောင်ပြင်ရပ်ကွက်ရှိ ဦးဘိုမောင်း၏ နေအိမ်ခြံဝင်း၌ ကျင်းပခဲ့ကြောင်း သိရှိရသည်။

ဒီပဲယင်းမြို့ စုပေါင်းနုတ်ထွက်ပွဲတွင် နုတ်ထွက်သူများမှာ ဒီပဲယင်းမြို့နယ် အမှတ်(၁)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုမောင်း၊ မြို့နယ်စည်း ဒုတိယဥက္ကဋ္ဌ ဦးပြေကျော်၊ ဦးသန်းထွန်း၊ ဦးခင်သောင်း၊ဦးကျော်ဝင်း၊မပေါက်ပေါက်၊ ဦးဝအိုး၊ဦးမိုး၊ဦးသိန်းဇော်၊ ဦးတင်ရွှေ၊ဦးကျော်ငြိမ်း၊ဦးညိုသန်း နှင့် ဦးပေါက်ကျောက်တို့အပါအဝင် ပါတီဝင် ၃၀တို့ဖြစ်ကြကြောင်း၊ နုတ်ထွက်လွှာများကို ဦးစန်းမြင့်က ဒီပဲယင်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဒီပဲယင်းမြို့နယ် တရားသူကြီး ဦးကျော်ဇေယျထံသို့လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးသို့လည်းကောင်း ပေးပို့နုတ်ထွက်ခဲ့ကြကြောင်း သိရသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ⇨

မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၈-၅-၂၀၀၇

တောင်ငူ	၁ ဒသမ ၃၇ လက်မ
သထုံ	၁ ဒသမ ၃၀ လက်မ
ထားဝယ်	၁ ဒသမ ၀၃ လက်မ
မြိတ်	၀ ဒသမ ၉၉ လက်မ
ရမည်းသင်း	၀ ဒသမ ၂၀ လက်မ
မိတ္ထီလာ	၀ ဒသမ ၁၂ လက်မ

ဒေသဖွံ့ဖြိုးရေး အကျိုးပြု ပြိုင်းချောင်းနှင့် ဇီးချောင်း ရေလှောင်တမံ (သတင်းဆောင်းပါး) စာမျက်နှာ-၁၁



ရခိုင်ပြည်နယ် ကျောက်တော် မြို့နယ်အတွင်း လယ်ယာစိုက် ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ဆည်မြောင်းဦးစီးဌာနက ပြိုင်းချောင်းရေလှောင်တမံ တည် ဆောက်ပြီးစီး၍ ယခုနှစ် မတ် ၃၀ ရက်က ဖွင့်လှစ်ပေးခဲ့ပြီး (ဝဲပုံ) **ဇီးချောင်း ရေလှောင်တမံကို ဆက်လက် တည်ဆောက်လျက်ရှိ သည်။ ယင်းရေလှောင်တမံများမှ နွေစပါးနှင့် သီးထပ်သီးနှံများ အတွက် စိုက်ပျိုးရေအပြင် ရေ အားလျှပ်စစ်ကိုပါ ထုတ်လုပ်ပေး ကာ အကျိုးပြုနိုင်တော့မည် ဖြစ် သည်။**